အေမ်၊ အော၊ တာဟိရ်ဘသာ

ရေး

# ရိုဟင်ဂျာ နှင့် ကမန်လူမျိုးစုများ

# ROHINGYAS AND KAMANS

*by*

**M. A. TAHIR BA THA.**

မြစ်ကြီးနားမြို့ ရိုဟင်ဂျာအမျိုးသားညီညွတ်ရေးအဖွဲ့မှ
ဝေငှသည်။

(အခွင့်မရဘဲပုံနှိပ်ထုတ်ဝေခြင်းမပြုရ)

**Distributed by the**

United Rohingya National League (U. R. N. L.)
MYITKYINA.

*( All Rights Reserved )*

ROHINGYA NATION

အမ်၊ အေ၊ ထာဟိရ်ဘသာ

ရေး

# ရိုဟင်ဂျာ နှင့် ကမန်လူမျိုးစုများ

# ROHINGYAS AND KAMANS

*by*

**M. A. TAHIR BA THA.**

မြစ်ကြီးနားမြို့ ရိုဟင်ဂျာအမျိုးသားညီညွတ်ရေးအဖွဲ့မှ
ဝေငှသည်။

(အခွင့်မရဘဲပုံနှိပ်ထုတ်ဝေခြင်းမပြုရ)

Distributed by the
United Rohingya National League (U. R. N. L.)
MYITKYINA.

*( All Rights Reserved )*

# အမှာစာ

ဓညဝတီ၊ ရမ္မာဝတီ၊ မေဃဝတီ၊ ဒွါရာဝတီ-စတိုင်းလေးလုံးပေါင်းစည်းအပ်သော ရက္ခပုရခေါ် ရခိုင်ပြည်တွင် မှီတင်းနေထိုင်ကြသည့်တိုင်းရင်းသား လူနည်းစုလူမျိုးဖြစ်သော ရိုဟင်ဂျာ (ရိုဝန်ဂျာ) လူမျိုးများသည် ရှေးနှစ်ပေါင်းရာပေါင်းများစွာကပင် ရခိုင်ဘုရင်မင်းဆက်ဆက်တို့၏ အမိန့်အာဏာကိုရိုသေလေးစား ကျိုးနွံ [illegible]ဆင်လျက်၊ တသဝေမတိမ်းလိုက်နာဆောင်ရွက်လျက်၊ တာဝန်အသီးသီးကိုထမ်းဆောင်လာခဲ့ကြောင်း ရာဇဝင်စာအုပ်များတွင် ဖတ်ရှုသိရှိရပေသည်။ ဤကဲ့သို့နှစ်ပေါင်းရာပေါင်းများစွာကပင်စ၍ ရခိုင်ပြည်တွင်နေထိုင်လာခဲ့သော ရိုဟင်ဂျာလူမျိုးများသည် အရှေ့ပါကစ္စတန်နိုင်ငံမှ မကြာခဏမတရားဝင်လာခဲ့သော လူမျိုးများဖြစ်သည်ဟု အချို့မသိသော ရခိုင်မောက်လူမျိုးများက မဟုတ်မမှန်ပုတ်ခတ် ရေးသားပြောဆိုခဲ့ကြပါသည်။ ဤကဲ့သို့မဟုတ်မမှန် ပြောဆိုဖြင်ကိုချေပရန် မေယုခရိုင်၊ ဘူးသီးတောင်မြို့နယ်၊ ရှက်ညိုတောင်ရွာသား အောမ်၊ အေ၊ တာဟိရ် ခေါ် ဦးဘသာကကြေးမုံသတင်းစာ၊ ကမ္ဘာ့အလင်းနှင့် ဂါဒီယံမဂ္ဂဇင်းများတွင် ရိုဟင်ဂျာနှင့် ကမန်လူမျိုးများသမိုင်းနှင့်ပတ်သက်၍ ဆောင်းပါးအမျိုးမျိုးရေးသားခဲ့ပါသည်။ ၎င်းဆောင်းပါးများကိုပေါင်းချုပ်၍၊ ၎င်းလူမျိုးများသမိုင်းအကျဉ်းချုပ် စာအုပ်ကလေးတအုပ်ရေးပေးရန်၊ ဦးဘသာအားကျွန်တော်များအဖွဲ့က တိုက်တွန်းခဲ့ရာ၊ ဦးဘသာကလည်း တိုတောင်းသောအချိန်ကာလတွင် ရေးသားခဲ့သဖြင့်၊ ဤလူမျိုးများအကြောင်းစုံလင်သည်ဟု ကျွန်တော်များမယူဆနိုင်ပါ။ သို့သော် ရိုဟင်ဂျာလူမျိုးများ၏နောက်ကြောင်းရာဇဝင်နှင့်ပတ်သက်၍ "ရခိုင်ပြည်မှ ရိုဝန်ဂျာများ" ဟူသောခေါင်းစဉ်နှင့် [illegible]ဦးဘသာကရေးခဲ့၊ ၁၉၆၀-မှ မေလထုတ် ဂါဒီယံမဂ္ဂဇင်းတွင် ပုံနှိပ်ထုတ်ဝေ[illegible] ခေါ် ကိုတင်ဝင်း[illegible] ရိုဟင်ဂျာအမျိုးသားညီညွတ်ရေးအဖွဲ့ချုပ်က [illegible]ပြန်ဆိုသည့်အပြင်၊ ကမ္ဘာ့အလင်း [illegible] မဂ္ဂဇင်းများမှ အချို့စာပိုဒ်များကို တိုက်ရိုက်

အဘိနွတ်၌ ၁၉၆၀-ခု ဒီဇင်ဘာလတွင် ပုံနှိပ်ထုတ်ဝေခဲ့သော "ရိုဟင်ဂျာလူမျိုးနှင့် ရာဇဝင်အကျဉ်းချုပ်" စာအုပ်ကလေးကို အတိအကျခြင်းအားဖြင့် ရိုဟင်ဂျာလူမျိုးတို့၏အကြောင်းစုံလင်သည်ဟုကျွန်တော်များမပြောနိုင်ပါ။ သို့ကြောင့်ရိုဟင်ဂျာလူမျိုးများသမိုင်းကြောင်းရာအပြည့်အစုံပါရှိသည့် "သမ္မာရိုဟင်ဂျာများ" ဟူသောစာအုပ်ထုတ်ဝေဖို့ ဦးဘသာကိုယ်တိုင်ရေးသားခဲ့သည်ကိုသိရှိရပါသည်။ သို့ရာတွင်ငွေရေးကြေးရေးအခင်အားမပြုတတ်မှုကြောင့် ပုံနှိပ်ထုတ်ဝေရန် အခက်အခဲတွေ့ရှိသဖြင့် ခေတ္တရပ်ဆိုင်းထားပါသည်။ ငွေရေးကြေးရေးတောင့်တင်းလာသောအခါ အမြန်ဆုံးပုံနှိပ်ထုတ်ဝေပါမည်။

ဤစာအုပ်ကလေးကိုပုံနှိပ်ထုတ်ဝေရာ၌ ငွေရေးကြေးရေးအားဖြင့် အကူအညီပေးခဲ့သော မြစ်ကြီးနားမြို့မှ ဤအဖွဲ့သားများအား အထူးကျေးဇူးတင်ရှိပါသည်။

★ ရိုဟင်ဂျာ နှင့် ဗမာလူမျိုးများ တိုးတက်ပါစေ။

★ ပြည်ထောင်စုမြန်မာနိုင်ငံတည်တန့်ခိုင်မြဲပါစေ။ အာမင်

ပုံ (အမှုဆောင်အဖွဲ့)
ရိုဟင်ဂျာအမျိုးသားညီညွတ်ရေးအဖွဲ့
မြစ်ကြီးနားမြို့။

# "ရေးသားသူ၏ပန်ကြားလွှာ"

ကျွန်တော်သည် သမိုင်းနှင့်ဝံသဗေဒပညာများတွင် ပြည့်စုံသူတ ယောက်မဟုတ်ပါသဖြင့်၊ သမိုင်းအကိုးအကားနှင့် အရေးအသား စကားအထားအသို ကြွင်းထင်းခြင်းများရှိပါလျှင်၊ ဤစာအုပ်ဖတ် ရှုသူပညာရှိသူခမိန်များက ပြင်ဆင်ဖတ်ရှုရန်အနူးအညွတ် တောင်း ပန်ပါသည်။ ဤစာအုပ်ကိုရေးသားခြင်း၏ ရည်ရွယ်ချက်မှာ၊ နှစ်ကြီးနှားဖြိ ရိုဟင်ဂျာအမျိုးသားညီညွတ်ရေးအဖွဲ့မှ ထိုက်တွန်း ခြင်းကြောင့်ဖြစ်သော်ရင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံသားတိုင်းအား၊ ရိုဟင်ဂျာနှင့် ကမန်လူမျိုးများ၏အကြောင်းအရာကို သိစေချင်သော ဆန္ဒရှိခြင်းကြောင့်ဖြစ်သော်ရင်းဖြစ်ပေသည်။

အေဗ်၊ ဇေ၊ တာဟိရ်အသာ၊
၃၁-၁၂-၆၃

## "ပြောင်းလဲမှုကိုမိမိတို့ကိုယ်တိုင် ပြုကြလော"

လူမျိုးတမျိုးသည်မိမိတို့၏ ဘဝအခြေအနေကို မိမိတို့ ကိုယ်တိုင်မပြောင်းသရွေ့ကာလပတ်လုံး အလ္လာဟ်တရှင် မြတ်က ပြောင်းလဲပေးတော်မူမည်မဟုတ်ပေ။

(ကိုရ်အာန် ၁၃း၁၁)

၁

# အာရဗ်လူမျိုးများ

"လွန်စွာချစ်ခင်ကြင်နာသနားတော်မူသော၊
မဟာကရုဏာတော်ရှင်၊ အလ္လာဟ်အသျှင်မြတ်၏ နာမတော်နှင့်
အစပြုပါ၏၊"

ရခိုင်ပြည်တွင် အစ္စလာမ်ဘာသာဝင် ရိုဟင်ဂျာနှင့် ကမန် လူနည်းစု လူမျိုးနှစ်မျိုးရှိကြသည်၊ ထိုလူမျိုးနှစ်မျိုးအနက် ရှေးဦးစွာ ရိုဟင်ဂျာလူမျိုးအကြောင်းကို ဖေါ်ပြ၍၊ သက်ဆိုင်ရာအခန်းတွင် ကမန်လူမျိုးများအကြောင်းကို ရေးသားဖေါ်ပြပါမည်၊

ရခိုင်ပြည်တွင် ရိုဟင်ဂျာလူမျိုးများသည်၊ ယခုမှဗြုန်းကနဲပေါ် ပေါက်ထွန်းလာခြင်းမဟုတ်ပေ၊ နှစ်ပေါင်း ၁၂၀၀ ကျော် လောက်က ရခိုင်ပြည်တွင်းသို့ ဝင်ရောက်လာကြသော အာရဗ်လူမျိုး များနေထိုင်ကြသည့်အချိန်ကပင်မှစ၍၊ ပေါ်ပေါက်လာကြောင်း ရာဇ ဝင်အကိုးအကားများရှိလေသည်၊

ရှေးအာရပ်လူမျိုးများသည်၊ ၎င်းတို့သွားလေရာ အရပ်ဒေသ တိုင်း၊ နိုင်ငံများအကြောင်းကို ရေးသားမှတ်သားကြလေ့ရှိပေသည်၊ ထိုမှတ်တမ်းများကို ကြည့်ရှုခြင်းအားဖြင့် ၎င်းတို့သည် အာရှအရှေ့ နှင့်အနောက်နိုင်ငံများသို့ သွားလာနေထိုင်ကြောင်းကိုသိရှိနိုင်သည်၊

အာရပ်လူမျိုးရာဇဝင် ဆရာများဖြစ်သော "ဣဗ်ဝနေခုရ်ဒါဗိ ဇဗေ" (၈၄၄—၄၈)၊ "ဆူလိုင်မာန်" (၈၅၁)၊ "ဣဗ်ဝနေဖကီး" (၉၀၂)တို့က မြစ်ဝကျွန်းပေါ်ဒေသနှင့် ရခိုင်ပြည်ကို "ရာဟ်မာ"ဟု၍ နာမည်ပေးလေသည်၊ "ဣဗ်နေဗတူတာ"က ရခိုင်ပြည်ကို "အရ်ထန်"ဟူ၍ ရေးသားခဲ့သည်၊ ၎င်းအရ်ကန်သည် "အလ်ရိကွန်" သည်းဟူသော အာရဗီစကားမှဖြစ်ပေါ်လာသော စကားလုံးဖြစ်သည်

အင်္ဂလိပ်စာဆိုးရက "အရိကန်"ကိုဖျက်၍ "အာရကန်"ဟု ရေးသားသည်၊ တနည်းမှာ အာရပ်မွတ်ဆလင်တို့ပေးခဲ့သောနာမည်ဖြစ်ပါသည်။ စည်းကမ်းသေဝပ်ခြင်းဟုအဓိပ္ပါယ်ရသည်။ ရှေးမိုတင်ဂျာအဆိုတော်များက ဆိုခဲ့သည်မှာ—

"ဒိုဝန်ဂူ၊ ဒိုရှန်ဂူ၊ ဂူဘွမ်၊ ရဂူဖုရနာခမ်၊
အရာကန်ကိုဇုလန်ထူ၊ ရှုဇုပန္ဒိတူဂူ့ပါနာ၊" ဟူ၍ဖြစ်ပေသည်

နဗီတမန်တော် "မိုဟမ္မဒ်" အမည် တော်ကြဖြစ်တွယ်လွန်တော်မူပြီးနောက် နှစ်ပေါင်း (၈၀)အတွင်း(ခေဗီ–၇၁၂–၃နှစ်)အိန္ဒိယနိုင်ငံတနေရာအက်ကမ်းခြေရှိ ရိုဝါ၊လိတော်ဆတော်ဆိပ်မြို့သို့ ဆိုက်ရောက်လာသော အရပ်ကုန်သည် သင်္ဘောသစင်းကြောင့် သိန္ဒုနယ် "ဓဟိရ" ဘုရင်နှင့် အရပ်ဘုရင်တို့ စစ်ပွဲများရာ၊ အရပ်လူမျိုးစစ်သေနာပတိ "မိုဟမ္မဒ်ဘင်ကာစင်"သည် စစ်သည်တော်ပြောက်ထောင်နှင့် သိန္ဒုနယ်ဆိုဒ်တက်တိုက်ခိုက်သိမ်းပိုက်ခဲ့လေသည် ထိုအချိန်မှစ၍ မွတ်ဆလင်တို့သည် အိန္ဒိယပြည်တွင်တဖြည်းဖြည်းဝင်ရောက်လာကြလေသည်။

ထိုအပြင် အရပ်မွတ်ဆလင်တို့သည် အရှေ့အာရှတိုင်းနိုင်ငံများဖြစ်ကြသော ရခိုင်၊ မြန်မာအင်ဒိုချိုင်းနား၊ အင်ဒိုနီးရှား၊ မလေးယားတိုင်းပြည်များသို့တုန်ကူးသန်းရောင်းဝယ်ရေးပြုကြသည် အစ္စလာမ်သာသနာပြန့်ပွါးရေးဆောင်ရွက်ကြသည်။ ထိုမုဆိုလ်များအနက် "ဗာလီ" အမည်ရှိသော "ဗုဟမ္မဒ်ဟနီဖ" သည် ရခိုင်ပြည်သို့လာရောက်ခဲ့ဘူးသည်ဟု အဆိုရှိသည်။

ဗုဟမ္မဒ်ဟနီဖသည်ခရစ်သက္ကရာဇ် ၆၀၀–ခုတွင်"ကရိုလေဗြ" စစ်ပွဲအပြီး၊ နောက်လိုက်ဗိုလ်ပါများနှင့်အတူ ပညာတော်ရခိုင်ပြည်အနောက်မြောက်ဘက် ရထမ်းသော တောင်တောင်၌ နေထိုင်ကြသော လူသားစား တောင်ပေါ်လူရိုင်းများ (Cannibals)ကို နိုးမိုးတုတ်ချုပ်

သည့် ရခိုင်ပြည်သူပြည်သားများကို လုယက်တိုက်ခိုက်အနှောင့်အယှက်ပေးလျက်ရှိခဲ့သော "တိုင်ယာပုရိ" ဘုရင်မကိုတိုက်ခိုက်အောင်မြင်ပြီးနောက် ဘုရင်မကိုလက်ရဖမ်းဆီး၍ အစ္စလာမ်ဘာသာသို့ သိမ်းသွင်းပြီးလျှင်၊ သိမ်းပိုက်စုံဖက်တော်မူသည်၊ ဘုရင်မ၏နောက်တော်သားများလည်း၊ အစ္စလာမ်ဘာသာကို ကိုးကွယ်ကြလေသည်၊ ဟနိမ်နှင့်ဘုရင်မတို့သည် မောင်းတော–ဘူးသီးတောင် အကြားရှိ မယုတောင်တွင် နေထိုင်ကြသည်၊ သူတို့နေထိုင်ကြသောတောင်ထိပ်ကို "တာနီဂါ" နှင့် တိုင်ထာပုရိ" တောင်ထိပ်ဟူ၍ ယခုထိရိုဟင်ဂျာများ ခေါ်ဝေါ်ကြလေသည် ထိုအချိန်မှစ၍လူသားစားတောင်ပေါ်လူရိုင်းများသည် ယဉ်ကျေးသောလူမျိုးများဖြစ်လာသောကြောင့်၊ ရခိုင်ပြည်သည် ၎င်းတို့၏တောရန်မှကင်းကွာသွား၍၊ အလွန်ချမ်းသာသာယာသောတိုင်းပြည်ဖြစ်လာပေသည်၊ ထိုလူမျိုးများနှင့် ဟနိမ်၏နောက်တော်သားများသည် ရခိုင်ပြည်မြောက်ပိုင်းတွင် ရောနှောနေထိုင်ကြလေသည်၊

မွတ်ဆလင်တို့သည် ပလီများ နှင့် "ဇဝန်" သူတော်စင်ကြီးတရားကျင့်သွားသော "ဇဝန်တော"များကို အိန္ဒိယ၊ ရခိုင်၊ မြန်မာမလေးယား၊ အင်ဒိုနီးရှား၊ တရုတ်နိုင်ငံများတွင် ဆောက်လုပ်ခဲ့ကြသည်ဟု ဟာဇီးရေး မြန်မာရာဇဝင်တွင်ဖတ်ရှုရသည်၊

ရခိုင်ပြည်သည် ရှေးခေတ်က အာရပ်မွတ်ဆလင်မ် ပင်လယ်ကူးသင်္ဘောတန်သည်များနှင့် ဝင်ထွက်သွားလာကူးသန်းကြသဖြင့်၊ အလွန်စည်ကားတိုးတက်လျက်ရှိခဲ့သည်၊ အာရပ်မွတ်ဆလင်မ်တို့သည် ခရစ်သက္ကရာဇ် ၈–ရာစုမှ ၆–ရာစုထိကုန်ကူးသန်းရောင်းဝယ်ရေးမှာ အလွန်ကျွမ်းကျင်၍ ပါးရှားတွေ့မှ အင်ဒိုနီးရှားနိုင်ငံအထိ ၎င်းတို့၏တန်ခိုးထင်ရှားကြီးမြင့်ခဲ့ပေသည်၊

၁။ အရင်တုန်သည်တို့သည် ရခိုင်ပြည်၊ မြန်မာပြည်များနှင့် အာဖြားအရှေ့တောင်ပိုင်းနိုင်ငံများနှင့် ဆက်ဆံခြင်းမှာ ထိုတိုင်းပြည်များသည် တန်ကူးသန်းရောင်းဝယ်ရေး၌ဆင့်ဆောင်၍ "ရာဟ်မာ" သနားလည်တတ်ခြင်း၊ အစွမ်းအရေးနှင့်ပြည့်စုံခြင်းကြောင့်ဆောင်ရင်း၊ ဒိဒိတိုနိုင်ငံနှင့် ဥရောပနိုင်ငံထွက်ကုန်စည်များကိုထိုနိုင်ငံများ၌ဈေးများများနှင့် ရောင်းနိုင်ခြင်းကြောင့်ဆောင်ရင်း၊ ထိုနိုင်ငံများ တွင် ရွှေ၊ငွေ၊ ကျောက်မျက်ရတနာဝေပါများ၍၊ ရှေးမြီသာဖွာငယ်ထွန်း၍၊ ဒိဒိတိုတိုင်းပြည်နှင့် ဥရောပနိုင်ငံများ၌ အမြတ်အစွန်းတစ်ကာ၊ ရောင်းနိုင်ခြင်းတို့ကြောင့်ဖြစ်လေသည်၊

ထိုကြောင့်၈-ရာစုအတွင်းရခိုင်ပြည်(ဝေသာလီကျောက်စာလှ ထားခေတ်)တွင် မဟာစန္ဒရားမင်းနှင့် ဓမ္မဝိဇယ်သုံမင်းတို့ထက်ထိန်၌ အရပ်မှတ်စလင်နိမ် ကုန်သည်တို့သည် ရာမဝတီ၊ ဝေသာလီ၊ သထုံ၊ မုတ္တမ၊ သံလျှင်စသော ဆိပ်ကမ်းမြို့များသို့ လာရောက်ကြောင်း သက္ကရာဇ် ၈၀၀—ကျော်လောက်က ရေးသားထားသော အရပ်မှတ်တမ်းများမှ သိရှိရလေသည်၊ ထိုမှတ်တမ်းများတွင် ၎င်းကုန်သည်တို့သည် ရခိုင်နှင့်မြန်မာပြည်တို့၌ တွေ့ရှိရသောထွက်ကုန်ပစ္စည်းများမှာကျောက်မျက်ရတနာ အစကျော်၊ တရုတ်ခေါင်းမြီးကြ ရှိသည်တို့ဖြစ်သည်၊

သက္ကရာဇ် ၁၈၇၉—ခုနှစ်နှင့် ၁၉၁၇—ခု နှစ်များတွင်ပုံနှိပ်ထုတ်ဝေခဲ့သော ဗြိတိသျှဘားမားဂေဇက်တီးယားနှင့် ဝါးမားဂေဇက်တီးယား (စစ်တွေခရိုင်) အရဆိုပါမူ၊ ခရစ်သက္ကရာဇ် ၇၈၈ — ခုနှစ်မှာ ဝေသာလီပြည်ကို အစိုးရတော်မူသော မတော်ဆိုင်းစန္ဒရား (မဟာစန္ဒရား) မင်းသည် ရာမဝတီမြို့ကို တည်ထောင်တော်မူခဲ့သည်၊ မဟာစန္ဒရားမင်းသည် ဝေသာလီကို နှစ်ပေါင်း ၂၂—နှစ် တစ်စိုးတော်မူခဲ့သည်၊ ထိုမင်းလက်ထက်တွင်ပင်လယ်လေနှင်တိုင်းကြောင့် ရပ်မြို့ကျွန်း၌တုန်သည်

သဘော်များစွာမျက်စီးခဲ့ကြသည်၊ သဘော်သားများသည် ဇာရင်ဗွတ်စလင်မ်ခေါ် မူးလူမျိုးများဖြစ်ကြသည်။

ထိုသဘော်သားများသည် ရခိုင်ကျွန်းတွင် ဝင်ရောက်လာ၍ ရခိုင်သူ ရခိုင်သားများအား "ရာဟ်မာ" "ရာဟ်မာ" သနားညှာတာရန်အသနားခံကြခဲ့လေသည်၊ ထိုအခါမှစ၍ရင်းတို့ကို "ရာဟ်မာ" လူမျိုးများဟု ခေါ်ဝေါ်ကြလေသည်၊ ယခုရခိုင်ပြည်တွင် ဇွေနီရဆော်ရိုဟင်ဂျာလူမျိုးများသည် ရခိုင်အရစ်လူမျိုးများမှ ဆင်းသက်လာသောလူမျိုးများဖြစ်ကြသည်၊

ထိုအရစ်ဗွတ်စလင်မ်သဘော်သားကုန်သည်များသည် သဘော်များမျက်စီး၍ ဒိုထိုးရာမဲ့ဖြစ်သောကြောင့်၊ ရခိုင်ကျွန်းသည်ငယ်လျက်လူဦးရေများပြားမည်စိုးသဖြင့် မဟာစန္ဒရားမင်းမြတ်က သူတို့အားရခိုင်ကျွန်းတွင်မထားဘဲ၊ ရခိုင်ပြည်မသို့ပို့ခဲ့လေသည်၊ ထို့ကြောင့် မဟာစန္ဒရားမင်းကသူတို့အား တစေတရာရာမှာသနားညှာတာ၍ အခွင့်အရေးပေးသည်၊ သူတို့သည်တုန်သွယ်မှုတွင်ကျွမ်းကျင်ခြင်း ရခိုင်ပြည်တွင် ရေကြောင်းခရီးဖြင့် လှေ၊ သဘော်ငယ်များနှင့် တနေရာမှတနေရာသို့ အလွယ်တကူသွားလာနိုင်ခြင်း၊ ရခိုင်ပြည်၌မြေဩဇာကောင်း၍၊ လယ်ယာကိုင်းကျွန်းလုပ်ကိုင်စားသောက်နေထိုင်နိုင်သောကြောင့်၊ မိမိတို့ဇာတိဇူးလ်ကြွေးရင်းမှာနေ အာရေးဗ်ထိုင်းပြည်သို့မပြန်ဘဲ ရခိုင်ပြည်တွင်အမြဲနေထိုင်ကြလေသည်၊ ထိုအချိန်မှစ၍ သူတို့သည် ပင်လယ်ကုန်ထူးခြင်းအလုပ်ကို စွန့်လွှတ်၍၊ လယ်ယာထိုင်းကျွန်းအလုပ်ဖြင့် အသက်မွေးမြူကြသည်၊

ထိုအရစ်လူမျိုးတို့သည် ရခိုင်တိုင်းရင်းသူ အမျိုးသမီးများနှင့် ထိမ်းမြားထက်ထပ်၍၊ အစွလာမ်ဘာသာ ထွန်းကားလာစေအောင် ဆောင်ရွက်ကြလေသည်၊ သူတို့၏သားသမီးများသည် ရခိုင်ဘုရင်လက်အောက်တွင် ရာထူးကြီးငယ်များ ထမ်းဆောင်ခဲ့ကြသည်၊

အစ္စလာမ်ဘာသာကိုအဓိကထားသဖြင့် ထိုအခါမှစ၍ရခိုင်ပြည် အနှံ့အပြားတွင်အစ္စလာမ်ဘာသာထွန်းကားပေါ်ပေါက်လာခဲ့လေသည်။

သို့ရာတွင်အချိန်ကာလ ရွေ့လျော၍ ထိုသူတို့မှဆင်းသက်လာသော ရိုဟင်ဂျာလူမျိုးများသည် ရေကြည်ရာ မြက်နုရာ အရပ်ဒေသများဖြစ်သော စလေမြို့၊ တုလာ၊တန်း၊ မေယု၊ နှင့် နတ်မြစ်ဝှမ်းဒေသများသို့ သွားရောက်နေထိုင်ကြသည်။ ထို့အပြင် စစ်တွေ၊ ရမ်းဗြဲ၊ ကျောက်ဖြူ၊ ကျောက်နီမော်နှင့် သံတွဲမြို့များသို့လည်း လာရောက်နေထိုင်ကြသည်။

အထက်ပါ အကြောင်းအရာများကို ကြည့်ရှုခြင်းအားဖြင့် အစ္စလာမ်ဘာသာသည် ရခိုင်ပြည်တွင်မြန်မာပြည်နှင့်ဘင်္ဂလားနယ်တွင် ထွန်းကားခြင်းထက် ရှေးကျသည်ကို သိရှိနိုင်သည်။ အစ္စလာမ်ဘာသာသည် ဘင်္ဂလားနယ်သို့ ခရစ်သက္ကရာဇ် ၁၂-ရာစုနောက်ပိုင်းတွင် ဝင်ရောက်လာသည်ဟု "ဆာနိုတီမာဟွိုလာ"က ရေးသားခဲ့သည်။ မြန်မာပြည်တွင် ထိုအရပ်မှတ်စလင်မ်များထက် ရှေးကျသော မှတ်စလင်မ်ဟူ၍မတွေ့ရပေ၊ ထို့အပြင်ရခိုင်ပြည်တွင်းသို့ချင်းနင်းဝင်ရောက်လာသော တိဘက်မြန်မာအုပ်စုဝင် လူမျိုးများထက်လည်း ရှေးကျသည်။

# တိဘက်-မြန်မာလူမျိုးများ

ရခိုင်ပြည်သည် ၁၀-ရာစုမတိုင်မီ ဟိန္ဒူလူမျိုးများနေထိုင်ရာ တိုင်းပြည်ဖြစ်လေသည်။ ထိုစဉ်အခါက ရခိုင်ပြည်သည် အိန္ဒိယပြည်မှ ဟိန္ဒူလူမျိုးများ အရှေ့အလယ်တိုင်းနိုင်ငံများသို့သွားရာ လမ်းခရီး၏ ပန္နမဆုံ၊ တံခါးဝဖြစ်ခဲ့သည်။ ဟိန္ဒူလူမျိုးများသည် ရခိုင်ပြည်ကို ၀-ရာစုမှစ၍ ၁၀-ရာစုအထိ နှစ်ပေါင်းတစ်ထောင်ကျော် စိုးမိုးအုပ်

ချုပ်ခဲ့သည်ဟု "မောရစ်ကောလစ်"ရေး "ဗြိတိသျှသံအေနှာင်ဖော်မှ မြန်မာနိုင်ငံ" စာအုပ်တွင်ဖတ်ရှုရပေသည်။ ထိုအချိန်ကာလအတောအတွင်း ရခိုင်ပြည်တွင် ဟိန္ဒူလူမျိုးများသည် ၎င်းတို့၏ဝေဒမဘာသာ၊ ဓလေ့ထုံးစံများထွန်းကားအောင် ဆောင်ရွက်ခဲ့သည်။ ယခုအခါရခိုင်ပြည်တွင် ဟိန္ဒူယဉ်ကျေးမှု ဘာသာဓလေ့ထုံးစံများ ကွယ်ပျောက်ခဲ့သော်လည်း၊ ဟိန္ဒူလူမျိုးများပေးခဲ့သော ဓညဝတီ၊ ရမ္မဝတီ၊ မေဃဝတီ၊ ဒွါရာဝတီ၊ ဝတီလေးရပ်နာမည်များသည် ယခုအထိထင်ရှားနေပေသည်။ ထို့အပြင် ဟိန္ဒူလူမျိုးများ တုလုပ်ခဲ့သော ဂဏေါ်များ၊ ဘုရားရုပ်တုတော်များ ကျောက်စာများကိုလည်း တွေ့ရှိရပေသည်။

မြို့ဟောင်းမြို့ မြောက်ဘက်မိုင် ၂၀-အကွာတွင် သိရိဥဇ္ဇာ တောင်ကုန်းတခုရှိသည်။ ၎င်းတောင်ကုန်းပေါ်တွင် မဟာမုနိရုပ်ပွါးတော်ရှိသည်။ ဤအရပ်ဒေသသည် ဝေသာလီထက် ရှေးကျပေသည်။ ဟိန္ဒူလူမျိုးများ၊တည်ထောင်ခဲ့သော အရပ်ဒေသလည်းဖြစ်ပေသည်။ မဟာမုနိရုပ်ပွါးတော်ကို စန္ဒသူရိယ (၁၄၆-၉၈) ဘုရင်လက်ထက်တွင်ထုလုပ်တော်မူသည် မဟာမုနိရုပ်ပွါးတော်၏အောက်ပတ်လည်တွင် ဟိန္ဒူဘုရားရုပ်တုများလည်းရှိပေသည်။ ထိုဟိန္ဒူဘုရားရုပ်တုများကို ကြည့်ရှုခြင်းအားဖြင့် ၁၀-ရာစုမတိုင်မီ ရခိုင်ပြည်သည် ဟိန္ဒူလူမျိုးများနေထိုင်ရာတိုင်းပြည်ဖြစ်ကြောင်းကို သိရှိနိုင်ပေသည် ထိုဟိန္ဒူလူမျိုးများသည် ဘင်္ဂလားဟိန္ဒူများနှင့်တူကြပေသည်။

သက္ကရာဇ် ၉၁၇-ခုနှစ်တွင် မွန်ဂိုလီယံ(ဝါ)တိဗက်-မြန်မာလူမျိုးများချင်းနင်းဝင်ရောက်တိုက်ခိုက်ခြင်းကြောင့် မဟာမုနိရုပ်ပွါးတော်ကြီးပျက်စီး၍ ရခိုင်ပြည်သည် ဂုဏ်မင်းများလက်အောက် မဝေသရာစ်ဩဇာခံဖြစ်သောအခါ ၎င်းရုပ်ပွါးတော်ကို မြမြင့်-မြင့်ဆွေသည်ဟု မောရစ်ကောလစ်က ရေးသားလိုက်သည်။

မြို့ဟောင်းမြို့မြောက်ဘက် ငါးမိုင်အကွာတွင် ဝေသာလီမြို့ပျက်ကို ယခုသိတွေ့ရှိရပေသည်။ ဝေသာလီမြို့ကိုမဟာစန္ဒရားမင်းက ခရစ်သက္ကရာဇ် ၇၈၈—ခုနှစ်တွင် တည်ထောင်တော်မူခဲ့သည်။ ၎င်းမင်းဆက်ကို စန္ဒရားမင်းဆက်ဟုခေါ်ဝေါ်ကြပေသည်။ စန္ဒရားမင်းဆက်များသည် ဗုဒ္ဓဘာသာကို ကိုးကွယ်သောဟိန္ဒူလူမျိုးများဖြစ်ကြသည်။ ရခိုင်ပြည်သို့အစ္စလာမ်ဘာသာမှလာရောက်မီ ဝေသာလီ ဟိန္ဒူလူမျိုးများသည် ဟိန္ဒူဘာသာနှင့်ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်ဟုသိရှိရပေသည်။ နောင်တွင် ဟိန္ဒူဘာသာကို စွန့်လွှတ်၍ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပေသည်။

ဝေသာလီမြို့သည် အလွန်စည်ကားသော ဆိပ်ကမ်းမြို့ဖြစ်ခဲ့ပေသည်။ နှစ်စဉ်နှစ်တိုင်း နိုင်ငံခြားကုန်သည်သင်္ဘောတထောင်ကျော်လာရောက်ကြပေသည်။ ထိုသင်္ဘောများအနက် အရပ်ကုန်သည်သင်္ဘောများစွာရှိကြပေသည်။

ဝေသာလီမြို့နန်းရိုးအတွင်း ၈—ရာစုလောက်က နာဂရီစာလုံးများနှင့် ရေးသားထုလုပ်ထားသော ကျောက်စာအမြောက်အမြားတွေ့ရှိရပေသည်။ ဝေသာလီဘုရင်များသည် ငွေဒင်္ဂါးများကိုလည်းထုနှိပ်ခဲ့ပေသည်။ ထိုဒင်္ဂါးများတွင် နွားရုပ်၊ နန္ဒီ၊ ဗီပါလတွကာပန်းတုံးနှင့် နာဂရီစာလုံးများကို ထုနှိပ်ခဲ့ပေသည်။ ဝေသာလီဒင်္ဂါးများသည် ဖြတွကာယဉ်ကျေးမှုနှင့် ထုနှိပ်ခဲ့ပေသည်။

ဝေသာလီမြို့သည် သက္ကရာဇ် ၉၅၇—ခုနှစ်တွင်တိဘက်မြန်မာလူမျိုးများချင်းနင်းဝင်ရောက် တိုက်ခိုက်လာခြင်းကြောင့် ပျက်စီးခဲ့လေသည်။ ထိုတိဘက်—မြန်မာလူမျိုးများသည် စန္ဒရားမင်းဆက်၏ နောက်ဆုံးဘုရင်ဖြစ်ခဲ့သော စုလစန္ဒရားကိုကွပ်မျက်၍၊ ၎င်းတို့အစိုးရစဝင် "အမိယသူ"ဆိုသူကိုနန်းတင်ခဲ့သည်။ ထိုတိဘက်—မြန်မာလူမျိုးများသည် ဘင်္ဂလားပြည်ပလမင်းဆက်ကိုလည်း၊ ဖျက်ဆီးခဲ့

သည် နှစ်အနည်းငယ်အတွင်း ဘင်္ဂလားဟိန္ဒူများသည် ရှင်းတို့၏ ပလမင်းဆက်ကို ပြန်လည်ဆက်ခံခဲ့သည်။ သို့ရာတွင်ဝေသာလီဟိန္ဒူ များသည် ရှင်းတို့၏စန္ဒရားမင်းဆက်ကို ပြန်လည်မဆက်ခံနိုင်ခဲ့ပေ။ အကြောင်းမူကား မြန်မာပြည်မှ တိဘက်-မြန်မာလူမျိုးများ ရခိုင် ပြည်သို့များစွာဝင်ရောက်လာသဖြင့်၊ ရှင်းတို့၏အင်အားသည်ရှေးက ထက်အဆပေါင်းများစွာလျော့ထင်းလာသောကြောင့်ဖြစ်ပေသည်။

ထိုအချိန်မှစ၍ တိဘက်-မြန်မာလူမျိုးများသည် အိန္ဒိယနိုင်ငံ နှင့် အဆက်ပြတ်ခဲ့လေသည်။ တိဘက်-မြန်မာလူမျိုးများသည် ဝေ သာလီဟိန္ဒူလူမျိုးများနှင့် ထိမ်းမြားမင်္ဂလာဆောင်နှင်း၍ ရောနှော နေထိုင်ကြခြင်းအားဖြင့် ယခုအခါရခိုင်ပြည်တွင် တွေ့ရှိရသောရခိုင် မောက်လူမျိုးများ ပေါ်ပေါက်လာ၍ ရခိုင်မောက်ရာဇဝင်လည်း ပေါ်ထွန်းလာသည်ဟု မောရစ်ကောလင်က ရေးသားခဲ့ပေသည်။

တိဘက်-မြန်မာတုပ်စုဝင် ဝေသာလီမင်းဆက်၏နောက်ဆုံး ဘုရင်ဖြစ်သော ထပင်းဂလွန်းသည် သက္ကရာဇ် ၉၉၄-ခုနှစ်တွင် မြန်မာနိုင်ငံနှင့် အလွယ်တကူဆက်သွယ်နိုင်ရန်၊ ရခိုင်မြို့တော်ကိုဝေ သာလီမှ အရှေ့တောင်ဘက်လေမြို့မြစ်ဝှမ်းဒေသသို့ ရွှေ့ပြောင်းခဲ့ လေသည်။ ထိုနေရာတွင်မင်းဆက်ပေါင်းများစွာထွန်းချုပ်ခဲ့သည်။ ထို မင်းဆက်များတွင် ငွေဒင်္ဂါးများမရှိခဲ့ပေ။ ထိုမင်းဆက်များသည် ပုဂံ မင်းဆက်များနှင့် ဆက်သွယ်ကြပေသည်။ နောင်တွင်ပုဂံမင်းဆက်၏ လက်အောက်ဩဇာခံများဖြစ်လာခဲ့ပေသည်။ အုန်းရွက်မည်ညိုတောင် ကြားလမ်းနှင့် မြန်မာယဉ်ကျေးမှုများ လာရောက်သဖြင့်၊ ရခိုင် မောက်လူမျိုးသည် မြန်မာလူမျိုးများနှင့် ခတ်ဆင်ဆင် တူလာကြပေ သည်။ သို့ရာတွင်ဟိန္ဒူနှင့်လည်း အနည်းငယ်တူပေသည်။

၁၂—ရာစုမတိုင်မီ ရခိုင်ပြည်တွင် မြန်မာစာဟူ၍မရှိခဲ့ပေ။ နာ ဂရီစာလုံးများနှင့်ရေးသားခဲ့သော သက္ကတ ဘာသာစာပေကိုတွေ့ရှိ

ရပေသည်။ ၁၂-ရာစုလောက်တွင် မြန်မာခေါ်ဝေါ်သည့်ရခိုင်ပြည်သို့ ပုဂံမှလာရောက်ခဲ့ပေသည်။ ရခိုင်မောက်တို့၏ဘာသာစကားနှင့်ပတ်သက်၍ "ဆာအာသာဖေယာ"က ရေးသားခဲ့သည်မှာ "ရခိုင်လူမျိုးများသည် တိဘက်-မြန်မာတုပ်စုဝင် မွန်ဂိုလီယံလူမျိုးများ၏အဆက်အနွယ်များဖြစ်ကြ၍၊ ၎င်းတို့၏ဘာသာစကားမှာ မြန်မာဘာသာစကားနှင့် အနည်းငယ်ကွာခြားခြင်းမှတပါး အခြားပြည်သည့်ကွာခြားမှုမရှိပေ"။

# ပထန်လူမျိုးများ

ဓညဝတီရခိုင်ပြည်တွင် ဇာရစ်မွတ်စလင်မ်များအပြင် အိန္ဒိယနိုင်ငံမှ မွန်ဂိုလီယံအဆက်အနွယ်များဖြစ်သော မွတ်စလင်မ်များလည်း လာရောက်ကြသည်။ ထိုမွတ်စလင်မ်များသည် သုရတန် (မူလ်တန်) ပြည်မှ ဂေါ်ရီးထန်လူမျိုးများဖြစ်ကြ၍ ရခိုင်ပြည်အနှံ့အပြားတွင် နေထိုင်ကြသည်။

အိန္ဒိယမွတ်စလင်မ်ဘုရင်များသည်ဇာရစ်မွတ်စလင်မ်များနှင့် ဘာသာရေး၌သော်၎င်း၊ ကုန်သွယ်မှု၌သော်၎င်း၊ အဆက်အသွယ်များစွာရှိကြသော်လည်း၊ ရခိုင်ပြည်နှင့်ဆက်သွယ်မှုများစွာမရှိခဲ့ချေ၊ အကြောင်းမှာကား ရခိုင်မောက်လူမျိုးများသည် ဘာသာခြားများဖြစ်ခြင်းကြောင့်၎င်း၊ တောင်ပေါ်လူရိုင်းများဖြစ်သည်ဟု ထင်မှတ်ကြခြင်းကြောင့်၎င်းဖြစ်ပေသည်။

ထိုခေတ်အခါဝယ် ဘင်္ဂလားစုလ်တန်ပြည်တို့ပထန်လူမျိုးများက ဂေါ်ရီမြို့တော်မှနေ၍ အုပ်ချုပ်ကြလေသည်။ ရခိုင်ဘုရင်နရမိတ်လှခေါ် မင်းစောမွန်သည် မြန်မာတို့တိုက်ခိုက်မှုကို မခုခံနိုင်သဖြင့် ဘင်္ဂလားဘုရင်ထံ ခိုလှုံအမှုထမ်းသည့်အချိန်မှစ၍ ရခိုင်ပြည်နှင့် ဘင်္ဂလားစုလ်တန်ပြည်သည် အဆက်အသွယ်ဖြစ်လာခဲ့ပေသည်။

လောင်းကြက်မင်းဆက်နောက်ဆုံး သိရိသုဓမ္မမင်းသည် သက္ကရာဇ် ၁၄၀၄-ခုနှစ်တွင် နတ်ရွာစံတော်မူပြီးနောက်၊ နောင်တော်ရာဇာသူသား နရမိတ်လှသည် ယင်းနှစ်တွင်ပင် လောင်းကြက်မြို့ ထီးနန်းကို ဆက်ခံစိုးစံတော်မူလေ၏။ နန်းစံ ၂-နှစ်မှာပင် ဝါးလက်မြို့စားအနန္တသိန်း၏နှမ မစောမုညိုသည် အဆင်းအင်္ဂါကြန်အင် လက္ခဏာနှင့်ပြည့်စုံ၍ ရှုမငြီးနိုင်သောအရည်အသွေးရှိသောကြောင့် ယင်း၏ယောက်ျားကြင်ဘက်ခင်ပွန်းကို ကွာစေပြီးလျှင်၊ သိမ်းပိုက်၍ မိဖုရားထင်မြှောက်တော်မူလေ၏၊ ထိုကြောင့်အနန္တသိန်းသည် "ဤမင်းကား မင်းဖြစ်စမျှသာရှိသေးသည်၊ မှူးတော်မတ်တော်များ၏ မျက်နှာကိုပင်မထောက်မထား၊ ပြည်သူ့မျက်နှာကိုဖျက်မှာသလော" ဟု အမျက်ထွက်၍အင်းဝမင်းဆွေမည်သော ဝဋ္ဋမမင်းခေါင်ထံသို့ ဝင်ရောက်ညီပင်လျှောက်လေ၏။

ဘုရင်မင်းခေါင်လည်းမျှော် မကြာမီအချိန်မှာပင် ရခိုင်ဘုရင် ထောရာကြီးက နိုင်ငံတော်ဖြစ်သော ယော၊ ဆော၊ လောင်းရှည်မြို့ တို့ကို ထိပါးလာခြင်းကြောင့်တကြောင်း၊ ဝါးလက်မြို့စားအနန္တသိန်း က စစ်ကူတောင်းခြင်းကြောင့်တကြောင်း ပြည်နယ်ချဲ့ထွင်လိုခြင်း ကြောင့်တကြောင်း၊ ဤအကြောင်းတို့ကြောင့် အသက် ၁၃ နှစ်မျှသာ ရှိသေးသောသားတော် မင်းရဲကျော်စွာကိုဗိုလ်မှူးခန့်၍ စစ်သည် တော်သုံးသောင်း(၃၀,၀၀၀)နှင့်အတူရခိုင်ပြည်ကိုချီတက်တိုက်ခိုက် ရန်စေလွှတ်တော်မူလေ၏၊ နရမိတ်လှသည်မင်းရဲကျော်စွာတိုက်ခိုက် လာသည်ကို မခုခံနိုင်သဖြင့်၊ လောင်းကြက်မြို့တော်သည် သက္ကရာဇ် ၁၄၀၆ ခုနှစ်တွင်ပျက်စီး၍ နရမိတ်လှသည်လည်း၊ဘင်္ဂလားစုလ်တန် (ဘုရင်) "အဟ်မဒ်ရှား" ထံခိုဝင်သွားလေ၏၊ ညီတော်နရနုမင်းသား သည် ဟံသာဝတီရာဇာဓိရာဇ်ထံခိုဝင်သွားလေ၏။

မင်းရဲကျော်စွာသည်ရခိုင်မြို့ကို တောင်ပြင်ကြောင်း ဘုရင်မင်းခေါင်ကြီးလက်ထက်သော်ကလေးစေးအနော်ရထာစောကို မိမိရင်နှစ်သည်းချာသမီးတော် ရွှေပြည်ချုပ်းသာနှင့် စုံဖက်တော်မူ၍ ရခိုင်ပြည်ကို ထုပ်ချုပ်ရန်ခွဲလွှတ်တော်မူပြီးနောက်၊ မင်းရဲကျော်စွာကို နေပြည်တော်သို့ ပြန်ခေါ်တော်မူလေ၏၊ ထိုရာတွင်ထိုမင်းနှင့်တကွ မှူးတော်မတ်တော်များက ရခိုင်ပြည်သူပြည်သားများအား အလွန်ထကြည်းမင်းနှိပ်စက်ကြ၍ မြို့မြင်းကြောင့်၊ နရနုမင်းသားက ရာဇဝင်ရာဇ်မင်းထံ စစ်ကူတောင်းလေရာ၊ ရာဇဝင်ရာဇ်သည်လည်း နွန်တာပ်၊ မွှယ်စလင်မ်တပ်ချူးအလုံးအရင်းနှင့် ရေကြောင်း၊ ကြည်းကြောင်းဖြင့် ရခိုင်ပြည်ကိုချီတက်တိုက်ခိုက်အောင်မြင်၍၊ အနော်ရထာစောနှင့် ရွှေပြည်ချုပ်းသာကို လက်ရဖမ်းဆီးကာ၊ ငဲသာဝထီသို့ယူဆောင်သွားပြီးနောက်၊ အနော်ရထာစောကိုကွပ်မျက်၍၊ ရွှေပြည်ချုပ်းသာကို မိနရားပြောက်လေ၏၊ နရနုသည်မလောင်းကြက်မြို့တွင် မင်း မြို့တော်ပြုလေ၏၊

ဤအကြောင်းကို ဘုရင်မင်းခေါင်ကြီးသိတော်မူသောအခါ၊ မင်းရဲကျော်စွာအား ရခိုင်ပြည်ကိုချီတက်စေရာ မင်းရဲကျော်စွာသည်လည်းရခိုင်ပြည်ကို ဝင်ရောက်တိုက်ခိုက်လာသဖြင့်၊ နရနုသည်ကလွှမ်းဗင်ဖြစ်ညောသို့ထွက်ပြေးတိမ်းရှောင်ရလေ၏၊ ဤကဲ့သို့ရခိုင်ပြည်ကိုမြန်မာတလှည့်ဒွန်တလှည့်တိုက်ခိုက်နေကြသဖြင့်၊ ရခိုင်ပြည်သည်နှစ်ပေါင်းအတော်အတန်စစ်မြေပြင်ဖြစ်ရလေသည်၊ နောက်ဆုံးတွင်မွန်တို့လက်သို့ကျရောက်ခဲ့လေ၏၊

နရမိတ်လှသည် "ထပ်ပံခံရွှေ"ထံ ခစားအမှုထမ်းနေစဉ် ထိုဒွိလပြည်ရေတဘုရင်က (ရခိုင်ရာဇဝင်တရထိုပါမှ ဂျွန်ပုရ်ဘုရင် "နသီထန်အီစရာဟင်မ်")သဝ်လားလုလ်တန်ပြည်ကို တိုက်ခိုက်လာရာ နရမိတ်လှသည် ထိုစစ်ပွဲတွင်ရှပ်ရှပ်ဆူသြ တိုက်ခိုက်အောင်မြင်သော

ကြောင့်၊ တစ်လားဘုရင်က အလွန်နှစ်ခြိုက်၍ သားတော်ခေါ်ကြောင်း နှင့် ရမိတ်လှသည် အမည်းတော်ခေါ်ခဲ့ကြောင်း ပညာဝတီရာဇဝင် သစ်ရေးဆရာတော် ဦးညာဏကရေးသားခဲ့သည်။ ဤသည်ကိုထောက် ရှုခြင်းအားဖြင့် ရခိုင်မောက်နှင့်မွတ်စလင်မ်တို့သည် ညီရင်းအစ်ကို မောင်ရင်းနှမလိုဖြစ်သည်ကို သိရှိနိုင်သည်။

"ထပ်ခော်ရှား"သည် ထိုစစ်ပွဲတိုအောင်မြင်တော်မူပြီးနောက် သားတော် "နစီးရှိရှား"အား သက္ကရာဇ် ၁၄၂၆–၃ နှစ်တွင် ဂေါ်ရ မြို့ထီးနန်းကိုလွှဲပေးတော်မူလေ၏။ ထိုအခါနရမိတ်လှသည် ရခိုင်ပြည် လောင်းကြက်မြို့ထီးနန်းကို ပြန်လည်သိမ်းပိုက်နိုင်ရန် "နစီးရှိရှား" ထံ စစ်အကူတောင်းရာ၊ ဘုရင်မင်းမြတ်ကလည်း အောက်ပါအချက် ခြောက်ချက်တို ထက်ခံသဘောတူလျှင်စစ်ကူပေးမည်ဟု ကတိပြုလိုက် သည်။ ၎င်းအချက်များမှာ–

၁။ ရခိုင်ဘုရင်များကသိမ်းပိုက်ခဲ့သော တစ်လား ၁၂–မြို့ကို ပြန်ပေးအပ်ရန်၊–

၂။ ရခိုင်ဘုရင်များသည် မွတ်စလင်ဘွဲ့နာမည်များခံယူကြရန်၊

၃။ ရခိုင်ဘုရင်နန်းတော်ထံဆိပ်ကြီးမှာ ကလေမပ်(အစ္စလာမ် ဘာသာတိုလက်ခံယုံကြည်မှု)တော်တို "ပါရှန်"စာလုံးများ နှင့် ထုနှိပ်ရန်၊

၄။ ရခိုင်ပြည်သုံးဒင်္ဂါးများတို ပါရစီစာလုံးများနှင့် တစ် လားတွင်ထုနှိပ်ရန်၊ ၎င်းဒင်္ဂါးများတွင် တံဆိပ်ပါရှိရန်

၅။ ပါရှီစာတိုရုံးသုံးစာပေအဖြစ်သုံးရန်၊

၆။ နှစ်စဉ်နှစ်တိုင်း အခွန်တော်လက်ဆောင်ပဏ္ဏာများဆက်သ ရန်များဖြစ်ကြသည်။

ထိုအခါမှစ၍ ရခိုင်မောက်တို့သည် ဘင်္ဂလားပ်ရာဇဝင်နှင့် မွတ်စလင်မ်ဘုရင်မင်းမြတ်တို့၏ရာဇဝင်များကိုနှစ်ပေါင်း၁၀၀ကျော် လေ့လာခဲ့ကြလေသည်။ ဤကဲ့သို့လေ့လာခြင်းအားဖြင့် စူလ်တန် ဘုရင်များသည် နွန်ကိုလိယံအဆက်အနွယ်များဖြစ်၍ ဘင်္ဂလားပ်သား သာတိုတိုးကွယ်ကြောင်းသိရှိခဲ့လေသည်။ ထိုနှစ်ပေါင်း ၁၀၀ကျော် အတွင်း၊ ရခိုင်ဘုရင်များသည် စူလ်တန်ဘုရင်များအားလက်ဆောင် ပဏ္ဏာများဆက်သ၍ မွတ်စလင်မ်ညီစာခံများဖြစ်လာကြ၏။

အထက်ပါအချက်အခြာက်ချက်တို့ နရမိတ်လှ သေဘာတူ သဖြင့် "နမ်းရီရှား" သည် သက္ကရာဇ် ၁၄၂၉ – ၃ နှစ်တွင် ဗိုလ်မှူးကြီး ဝလီခန်(ရခိုင်ရာဇဝင်တွင် ခုလုံခင်)ဦးစီးခေါင်းဆောင် သော စစ်သားနှစ်သောင်း (၂၀,၀၀၀)ပါဝင်သည့် ပထန်စစ်ထပ် ထထပ်တို့ နရမိတ်လှနှင့်အတူရခိုင်ပြည်သို့ တိုက်ခိုက်ရန်စေလွှတ် လိုက်လေသည်။ဤစစ်သည်အင်္ဂါများသည် ဂေါလန်ဂီခထောင်ကြား လမ်းဖြင့်တကြောင်း၊ ဝလီခန်(ခနောင်အခေါ်အလီခန်) တောင်ကြား လမ်းဖြင့်တကြောင်း၊ ရခိုင်ပြည်တွင်းသို့ထက်တိုက်ခိုက်၍ "နမ်းရီရှား" မှာထားသည့်အတိုင်း မွန်များကိုချေမှုန်းကာ၊ ရခိုင်ပြည်ကို သိမ်းပိုက် ပြီးနောက်၊ နရမိတ်လှကိုနန်းတင်လိုက်လေသည်။

သို့သော်များမကြာမီ ဝလီခန်သည်နရမိတ်လှနှင့် မသင့်မ တင့်ဖြစ်၍ နရမိတ်လှကိုအမ်းဆီးသံခြေကျင်းခတ်ကာ စါးဘူထောင် တွင် ချုပ်နှောင်ထားပြီး၊ ရခိုင်ပြည်ကို တနှစ်နီးပါးအုပ်ချုပ်မင်းပြု တော်မူလေ၏။ ဝလီခန်သည် နရမိတ်လှကိုအမ်းဆီးချုပ်နှောင် ထားခြင်း အကြောင်းရင်းမှာ နရမိတ်လှသည် အဖွတ်ခြောက်ချက် ပါဝင်သော သဘောတူဂတိခံစာချုပ်၌ နံပါတ်–၅အချက်ဖြစ်သော "ပါရှီစာတိုရှုံးသုံးစေပေတဖြစ် အသုံးပြုရန်" တူသော တချက်ကို ဖေါက်ဖျက်ခြင်းကြောင့်ဖြစ်ပေသည်။ နရမိတ်လှကို မနာလိုမုန်းတီး

သော ရခိုင်မောက်အကြီးအကဲ (ထန့်သိန်းဖြစ်နိုင်သည်) တဦးနှင့် ပေါင်း၍ နရမိတ်လှကို ချုပ်နှောင်ခဲ့သည်ဟု ဆာအာသာ ဖေယာထ ရေးသားခဲ့ပေသည်။ သို့ရာတွင် နရမိတ်လှသည် ကဆွပနဗ်ကုလား ထန်းဖြစ်ညာသို့ ထွက်ပြေးသိမ်းရှောင်နေခဲ့သော ညီတော်နရနပေါ မင်းရိုင်၏ အကူအညီဖြင့် အချုပ်အနှောင်မှ ထွက်ပြေး၍ ဘင်္ဂလား စူလ်ထန်ထံ ပြန်စေားပြီးနောက် အကြောင်းမျိုးစုံကို ကြားလျှောက် လေသတည်း။

"နဒီးရှိရှား" သည်လည်း မြင်းစွာအမျက်ထွက်တော်မူ၍ ဝန်ပါရုံ၊ ရာဇာဝမထီ၊ ဆတ်ထားခန် လက်ျာလက်ဝဲအမတ်တို့နှင့် အမတ်ကြီးတို့ကိုအမှူးပြုထား ဝလီခန်ခေါင်းဆောင်သော စစ်ထပ် ထက်ထင်ထားတောင့်တင်းသော၊ ပိုလ်မှူးကြီး "ခန်ဗိခန်" ခေါင်း ဆောင်သည့် စစ်ထပ်တထပ်ကို နရမိတ်လှအားနန်းတင်ရန် စေလွှတ် ပြန်လေ၏၊ ခန်ဗိခန်နှင့်ထိုအမတ်ကြီးတို့သည်လည်း စူလ်ထန်ဘုရင် မိန့်တော်မူသည့်အတိုင်း နရမိတ်လှကို လောင်းကြက်မြို့တွင်နန်းထင် ၍ ဝလီခန်ကိုစူလ်ထန်ပြည်သို့ ပြန်ပို့ခဲ့လေသည်။

နရမိတ်လသည် ၁၄၃၃–၃၄ခုနှစ်တွင် မြို့ဟောင်း (မြောက်ဦး) မြို့ကို တည်ထောင်၍၊ ဤစစ်သည်တော်များသည် သစ္စာရှိသော ကြောင့်၊ နရမိတ်လှကတာမြို့ကိုခံစစ်နှင့် တိုက်စစ်ပြုရန်အရှေ့အနေ ထောင်မြောက်အဝရှိသော နေ့စပ်ရစ်ဝေသများသို့ ပို့ခဲ့လေသည် ထိုကြောင့် ဤဒုတိယစစ်တပ်သည် မိမိတို့ဇာတိချက်ကြွေ မွေးရင်းဒေ နေစူလ်ထန်ပြည်သို့မပြန်ဘဲ ရခိုင်ပြည်တွင် ဝန်ကြီးစစ်ဗိုလ်စေသ ရာထူးကြီးငယ်များကို ထမ်းဆောင်ထားမြဲနေထိုင်ကြလေ၏၊ သူတို့ သည်ရခိုင်ပြည်တွင် မျှားစွာသော ပလီဝတ်ကျောင်းတော်များနှ အစ္စလာမ်ဘာသာယဉ်ကျေးမှုဆိုင်ရာ အဆောက်အဦးများဆောက် လုပ်ခဲ့ကြသည်။ ထိုအဆောက်အဦးများအနက်၊ ၁၄၃၃–၃၄ခုနှစ်တွ

ဆောက်လုပ်တည်ထောင်ခဲ့သောမြို့ဟောင်းမြို့နယ်၊ကဝါလေါင်ရွာရှိ “စန်ဒီစန်ပလိ”သည် ယခုထိထင်ထင်၊ ရှားရှား၊၊မှားမှား၊ မှတ်မှတ် ရပ်တည်လျက်ရှိသည်၊

ရခိုင်ပြည်၌အစ္စလာမ်ဘာသာနှင့် မွတ်စလင်မ်ယဉ်ကျေးမှုများသည် အရပ်မွတ်စလင်မ်များနေထိုင်ကြသည့်အချိန်အခါမှစ၍ ထွန်းတားပေါ်ပေါက်ခဲ့သော်လည်း၊ ဂေါရိပထန်များလာရောက်သောအခါတွင် ပိုမိုထွန်းကားလာသည်၊ ၁၅-ရာစုတွင် များစွာသော ရခိုင်မောက်တို့သည် အစ္စလာမ်ဘာသာကိုကိုးကွယ်၍ မွတ်စလင်မ်များဖြစ်လာသည်ဟု ဦးကြည်ကမြန်မာရာဇဝင် သိမှတ်ဖွယ်ရာအဖြာဖြာစာအုပ်တွင်ရေးသားခဲ့ပေသည်၊ ရခိုင်မောက်အချို့သမီးများသည် ဖိနပ်တွင်းပုန်းခြင်းတို့ လက်ခံအတည်ပြုခဲ့ကြသည်၊ ရခိုင်ဘုရင်များသည်လည်း မွတ်စလင်မ်ဘွဲ့နာမည့်များ ခံယူကြသည်၊ ငွေသုံးနန်းသုံးစာပေတွင်လည်း မွတ်စလင်မ်စကားလုံးများပါရှိကြသည်၊ ရခိုင်ပြည်သုံးဒင်္ဂါးများနှင့် နန်းတော်တံဆိပ် လည်ဆွဲများတွင် “ကလေမာ”ကို ပါရစီစာလုံးများနှင့်ထုနှိပ်ကြ၏၊

သက္ကရာဇ် ၁၄၃၀-ခုနှစ်တွင် ထွက်ပြေးတိမ်းရှောင်ခဲ့သူ နရမိတ်လှသည် ဘင်္ဂလားပြည်၏အကူအညီဖြင့် ထီးနန်းကိုပြန်လည် သိမ်းပိုက်နိုင်ခဲ့လျက်၊ မိတ်ဘမေဝင် (မွတ်စလင်မ်)ဂေါရိဘုရင်၏ လက်အောက်ခံ အဖြစ်ဖြင့်နေထိုင်ခဲ့သည်၊ ၎င်းသည်မြို့ဟောင်းကို ထီးနန်းစိုက်ရာမြို့အဖြစ်ဖြင့်တည်ထောင်ခဲ့၍၊ ၎င်း၏နောက်လိုက် နှိပ်ဘာမောင်လူမျိုးများက ပလိ ဝတ်ကျောင်းတော်တခုတည်ဆောက်ကြသည်၊ ၎င်းအချိန်မှစ၍ရခိုင်ဘုရင်များသည် ဗုဒ္ဓဘာသာဝင်များဖြစ်သော်လည်း မိမိတို့၏နာမည်ရင်းများအပြင် မွတ်စလင်မ်နာမည် ဘွဲ့ထူးများကို ခံယူလေ့ရှိခဲ့ပေသည်၊ နန်းတွင်းတံဆိပ်များတွင်လည်း မွတ်စလင်မ် “ကလေမာယ်” ထုနှိပ်၍ ထုတ်ဆောင်လေ့ရှိသည်၊

မြို့ဟောင်းမြို့တွင် ယခုထက်တိုင်သာ သနာ့ဆိုင်ရာ "စန္ဒိခန်" ပလီ တည်လျက်ရှိပေသည်၊ ၎င်းသည်ကား ဗီ၊ကျို၊ ဘီ၊ဝေယောလ်ဒ်ရေးသား ဖော်ပြချက်များဖြစ်သည်၊

မွတ်စလင်မ်ဘွဲ့ထူးများခံယူကြသော ရခိုင်ဘုရင်အမျိုးမှာ အောက်ပါအတိုင်းဖြစ်လေသည်၊

| ရခိုင်နာမည် | ခုနှစ်သက္ကရာဇ် | မွတ်စလင်မ်ဘွဲ့များ |
|---|---|---|
| ၁၊ နရမိတ်လှ | ၁၄၀၄—၁၄၃၃ | စဝန် |
| ၂၊ နရနု ခေါ် မင်းခရီ | ၁၄၃၃—၁၄၅၉ | အာလီခန် |
| ၃၊ ဘစောဖြူ | ၁၄၅၉—၁၄၈၂ | ကလေမာရှား |
| ၄၊ မင်းဘင်(မင်းပင်ကြီး) | ၁၅၃၁—၁၅၅၃ | ဇောပေါက်ရှား(ဝါ)စူလိတန် |
| ၅၊ မင်းဖလောင်း | ၁၅၇၁—၁၅၉၃ | စိကန်ဒရ်ရှား |
| ၆၊ မင်းရာဇာကြီး | ၁၅၉၃—၁၆၁၂ | ပဌမမြောက်စလင်မ်ရှား |
| ၇၊ မင်းခမောင်း | ၁၆၁၂—၁၆၂၂ | ဟူစိန်ရှား |
| ၈၊ သီရိသုဓမ္မ | ၁၆၂၂—၁၆၃၈ | ဒုတိယမြောက်စလင်မ်ရှား |

စသည်တို့ဖြစ်ပါသည်၊

အထက်ပါအချက်အလက်များကို ကြည့်ရှုခြင်းအားဖြင့် ရခိုင်ဘုရင်များသည် မွတ်စလင်မ်တို့၏ဩဇာခံများဖြစ်ကြောင်း ထင်ရှားနေသည်၊

"မင်းပါကြီးနန်းတက်တော်မူသောအခါ ဝေလီ ပဿာမင်းက "ဇောက်ပေါက်ရှား" ဟူသောမင်းတံဆိပ်ကိုပေးအပ်သော်၊ ၎င်းနည်း နှင်နှင်ရခိုင်ပြည်၌ ရခိုင်မင်းများ နန်းထက်တိုင်း နန်းတက်တိုင်း

ပွတ်စလင်မ်မင်းထံမှ မင်းတံဆိပ်ပေးအပ်ခဲ့လည်မှာ မင်းစောမွန်မှ အစ မင်းပါကြီးဟိုင်ဘောင် မင်းပေါင်းတဆယ့်နှစ်ဆက်တိုင်ခဲ့ပေ သည်၊ ယင်းကဲ့သို့ တံဆိပ်အပ်နှင်းခြင်းမှာလည်း၊ ရခိုင်ပြည်သည် ပွတ်စလင်မ်မင်းများ၏ လက်အောက်ခံဖြစ်ကြောင်း ပြလို၍ မပေတည်း၊ လက်အောက်ခံဖြစ်ရခြင်းမှာလည်း ပြဆိုခဲ့သည့်အတိုင်း မင်းစောမွန်၏ အမှားတော်ပုံကြောင့်ဟုဆိုထမှားနိုင်ပေ၊ ထိုမင်း မှာ ဓလေ့ပဆာမင်းထံ ၂၄–နှစ်ကျော်မျှခိုဝင်ခဲ့ရပေသည်၊

"ယင်းသည့်အချိန် သက္ကရာဇ် ၇၉၁ (ခရစ်သက္ကရာဇ် ၁၄၂၉) ခုနှစ်မှစ၍ မင်းပါကြီးနန်းတက်သော သက္ကရာဇ် ၈၉၃ (ခရစ်သက္ကရာဇ် ၁၅၃၁)ခုတိုင် နှစ်ပေါင်း ၁၀၂–နှစ်မင်းဆက် ၁၂–ဆက်မျှ လာခဲ့ပေပြီ၊ ကုလားမင်းများ၏ ပြဿနာခံနှင့်မတော်ခဲ့ကြပေ၊ မင်း စောမွန်လက်ထက်ကပင် ရခိုင်ပြည်၏ ထမိတ်ထဝေသဖြစ်သော ဘင်္ဂလား ၁၂–မြို့ကို ဝစ်ထကျလိုသောကြောင့် ကုလားမင်းသို့အပ်ခဲ့ ရပေသည်၊" ဟူ၍ ဦးအောင်သာဦးက ရခိုင်ရာဇဝင်တွင်ရေးသား သည်၊

အိန္ဒိယနိုင်ငံတောရာဇ်ဘုရင် "ထက်ဗရ်"၏ စစ်သေနာပတိ ကြီးက သက္ကရာဇ် ၁၅၁၆–ခုနှစ်လောက်တွင် ဘင်္ဂလားမွေလ်ထန်မြည် ကို တိုက်ခိုက်သိမ်းပိုက်၍ ဘင်္ဂလားသည်မဂိုလ်ဘုရင်များလက်အောက် ဖြစ်ခဲ့လေသည်၊ ထိုအခါဝယ်ဂေါဒိုဝထန်များသည် ဝမို့ဝဲဖြစ်၍ ဝည၀တီရခိုင်ပြည်သို့ ထွက်ပြေးတိမ်းရှောင်ခိုအောင်းလာခဲ့ကြသည် ရာဇဝင်ဆရာ "ဂွစ္စနတ်ထာရဂ်ကား" တလည်း၊ ရခိုင်ပြည်၌နေထိုင်ခဲ့ ကြသော မဂိုလ်နှင့်ပထန်လူမျိုးပေါင်းများစွာတို့သည် "ဒွာရမြဗ္ဗာ" မင်းသားတို လိုလားကြသည်ဟုဖော်ပြခဲ့ပေသည်၊

ဘင်္ဂလား ၁၂–မြို့သည် နရပတိလှမင်းလက်ထက်ထိ နှစ် ပေါင်းတထောင်အထက် ရခိုင်ဘုရင်များ၏ လက်အောက်ခံဖြစ်ခဲ့သည်၊

ထို့ပြင် ဘင်္ဂလားမူဆလင်တန်ဘုရင်များလက်အောက် နှစ်ပေါင်း၁၀၀ ကျော်နေခဲ့ရပေသည်။ စစ်တကောင်းနယ်ကို ရခိုင်ဘုရင်များက နှစ်ပေါင်း ၂၀၀-ကျော် (၁၄၅၉-မှ ၁၆၆၆ ထိ) အုပ်ချုပ်ခဲ့ကြသည်။ ထိုအချိန်အခါမျိုးများတွင် ဘင်္ဂလားနှင့်ရခိုင်ပြည်တို့သည် အဆက်အသွယ်ရှိခဲ့ကြရာ၊ နှစ်ပြည်ထောင်မှပြည်သူပြည်သားတို့သည် တပြည်မှတပြည်သို့ ကူးလူးလာခဲ့ကြသည်။ အထူးသဖြင့်ရခိုင်မောက်လူမျိုးများနှင့် အစေအပါးရာရာတွင်ခင်မင်ရင်းနှီးကြသော မွတ်စလင်မ်တို့သည် ရခိုင်ပြည်သို့နေထိုင်ခဲ့ကြသည်။

သက္ကရာဇ် ၁၆၆၆-ခုနှစ်တွင် ဘင်္ဂလားပြည်ဘုရင်ခံချုပ် "ရှေစတားခန်"ဗိုလ်သူကြီး "ဗုမိဒ်ခန်"သည် စစ်တကောင်းနယ်တို့ ဝင်ရောက်တိုက်ခိုက်၍ "ရာမူပန်ဝါး"ကို သိမ်းယူလိုက်သည့်တွင် ရခိုင်မောက်လူမျိုးများသည် မြောက်ဘက်မှတောင်ဘက်သို့ ရွှေ့ပြောင်းထွက်ပြေးခဲ့ကြသည်။ ထိုအချိန်မှာ ရခိုင်ပြည်မြောက်ပိုင်းသို့ မွတ်စလင်မ်လူမျိုးအမြောက်အမြား ဝင်ရောက်နေထိုင်လာခဲ့ကြသည်မှာ ယုံမှားနိုင်ဘွယ်မရှိချေ၊ ၁၆၆၆-ခုနှစ်ရခိုင်-မဂိုလ်စစ်ပွဲကြောင့် ရခိုင်ပြည်မြောက်ပိုင်းတွင် လူဦးရေထုတ်လျော့ရသည်ဟု အဆိုရှိခဲ့၏။

၁၇ ရာစုလောက်တွင် ရခိုင်မောက်နှင့် ပေါ်တူဂီ ပင်လယ်ဓါးပြတို့က ဘင်္ဂလားသူ-ဘင်္ဂလားသား(ဟိန္ဒူနှင့် မွတ်စလင်မ်)များကိုဖမ်းဆီးချုပ်နှောင်၍ သုံ့ပန်းအဖြစ်ခေါ်ဆောင်၍၊ တိမ္ဗယဆိပ်ကမ်းမြို့များနှင့် ရခိုင်ပြည်တွင်ရောင်းချကြသည်ဟု အဆိုရှိခဲ့သည်။

ရခိုင်ပြည်တွင် နရမိတ်လှဘုရင်လက်ထက်မှစ၍ မွတ်စလင်မ်လူမျိုးများအား ဝန်ကြီးရာထူးတွင်၎င်း၊ စစ်တပ်နှင့် ရေတပ်ဗိုလ်မှူးရာထူးများ၌၎င်း ခန့်အပ်ခြင်းပြုခဲ့၏။ ရခိုင်ပြည်မှာ နာမည်ကျော်မွတ်စလင်မ်စာဆိုတော် "ဆယဒ်ရွှားအလောဝါးလ်" ၏အဆိုရ

ဝန္နသုဝမ္မဘုရင်၏နန်းရင်းဝန် "မခဂန်"မှာ မွတ်စလင်မ်လူမျိုးပင် ဖြစ်သည်ဟု ဆိုလေသည်၊ ၁၇ ရာစုနှစ်တွင် "ဆဆင်မှဝာ" "မူကျလင်" နှင့် "စုလေမာန်"တို့မှာ ရခိုင်နန်းတော်တွင်း၌ အမတ်ကြီးများဖြစ်ခဲ့ကြလျက်၊ "အရှရဇ်ခန်"မှာ ဝန္နသုဝမ္မဘုရင်၏ စစ်သူကြီးဖြစ်ခဲ့ကြောင်း ဦးရာမန်ရေး ဗမာမွတ်စလင်မ်ရာဇဝင်အကျဉ်းချုပ် စာအုပ်တွင်ဖတ်ရှုရပေသည်။

## ရိုဟင်ဂျာလူမျိုးများ။

ရိုဟင်ဂျာလူမျိုးများသည် ထရစ်လူမျိုး၊ ပထန်လူမျိုးများနှင့် ရခိုင်ပြည်ကိုရခိုင်ဘုရင်များအုပ်ချုပ်ခဲ့စဉ် ဘင်္ဂလားရှလ်ထန်ပြည်မှ ဝင်ရောက်လာသော မွတ်စလင်မ်လူမျိုးများ၏ အဆက်အနွယ်များ ဖြစ်ကြသည်၊ "ရိုဟင်ဂျာ"သည် "ရဟ်မာ"နည်းတူသော အရေဗီ စကားမှ ရဟ်မိ၊ ရဟ်မီယာ၊ ရဟ်ဟင်မ်ဂျာ ရိုဟင်ဂျာတို့ဖြစ်လာသည်၊ အဓိပ္ပါယ်မှာ ရိုးသားဖြောင့်မတ်တာဝန်စွဲရှားသိထက်၍ သနားညှာတာခြင်း အခွင့်အရေးပေးခြင်းဖြစ်ပေသည်။

သို့ရာတွင်ဤနေရာမှာ ရာဇဝင်အဆိုကွဲတခုရှိသည်၊ ၎င်းမှာ "ရိုဟင်ဂျာ"မဟုတ်ဘဲ "ရိုဝန်ဂျာ"ဖြစ်သည်၊ ရိုဝန်ဂျာသည် ပထန်လူမျိုးများနှင့် ထိုစဉ်အခါက ဘင်္ဂလားရှလ်ထန်ပြည်မှ ဝင်ရောက်လာသောမွတ်စလင်မ်တို့သည် ထရစ်အဆက်အနွယ်ဖြစ်သော "ရိုဟင်ဂျာ" လူမျိုးများနှင့်ပေါင်းသင်းနေထိုင်လာခဲ့ခြင်းဖြင့် ဖြစ်ပေါ်လာသော လူမျိုးဖြစ်ပေသည်၊ နှစ်ပေါင်းကြာရှည်လာသောအခါ ထရစ်အဆက်အနွယ်များသည် "ရိုဝန်ဂျာ"များနှင့် ခွဲခြား၍မရလောက်အောင် ရောနှော သွားခဲ့ကြပေသည်၊ "ရိုဝန်ဂျာ" သည် "ရွာတောင်းတကျား" နည်းတူသောရခိုင်စကားမှတဖြည်းဖြည်း

ရွာဟိန်းကျော–ရွာပိုင်းကျား နောက်ဆုံး "နိုဝန်ဂျာ" ဟူ၍ဖြစ်လာ၏ အဓိပ္ပါယ်မှာခဲ့ရန်သည်၊ သတ္တိရှိသည်ဟုဆိုလိုသည်၊ အဘယ့်ကြောင့် ဆိုသော် ရခိုင်မောက်များထိုက်နိုက်၍မနိုင်သော နွန် ထလိုင်း လူမျိုးများကို မထန်စစ်သည်တော်များက ပိုက်လှုတ်နိုင်သော ကြောင့်၊ ထိုမထန်လူမျိုးစစ်သည်တော်များကို ရခိုင်မောက်တို့က "ရွာဟောင်းကကျား" ဟု ခေါ်ဝေါ်ကြသဖြင့် ဖြစ်သည်ဟုဆိုလိုပေ သည်၊

နိုဟင်ဂျာလူမျိုးများသည် ရခိုင်ပြည်ထန့်အပြားတွင် နေထိုင်ကြသော်လည်း မောင်းတော၊ ဘူးသီးတောင်၊ ရသေ့တောင်၊ စစ်တွေ၊ ကျောက်တော၊ မြို့ဟောင်းနှင့် မင်းပြားမြို့နယ်များတွင် အများဆုံးနေထိုင်ကြသည်၊

နိုဟင်ဂျာလူမျိုးများသည်အစ္စလာမ်အာသာဝင်များဖြစ်ကြ၍ အဋ္ဌသာရေးလုပ်ငန်းဆိုင်ရာများတွင် မှန်ကန်တိကျစွာ လိုက်နာပြုလုပ်ဆောင်ရွက်ကြသည်၊ ရွာတိုင်းတွင်အနည်းဆုံးပလီဝတ်ကျောင်း တကျောင်းစီရှိပေသည်၊

ရှေးရှေးကသာနိုဟင်ဂျာလူမျိုးတို့မှာ မည်သည့်ယောက်ျားမျိုး မဆို မိမိနေရင်းဌာန-ဒိုဗွန်လွတ်၍၊ ရေကြောင်းခရီးဖြင့်ဖြစ်စေ၊ ကုန်းကြောင်းခရီးဖြင့်ဖြစ်စေ၊ သုံးကြိမ်သုံးခါခရီးထွက်၍၊ ကုန်သွယ်မှု မလုပ်ခဲ့လျှင်၊ ၎င်းယောက်ျားမျိုးနှင့် မည်သည့်နိုဟင်ဂျာအမျိုးသမီးမျှ ဆက်ဆံခြင်းမရှိခဲ့ပေ၊ ထိုလုလင်မျိုးကိုအလွန်နှိမ်သည်၊ ယောက်ျား၊ မပီသဟုပြောဆိုခဲ့ကြသည်၊

နိုဟင်ဂျာလူမျိုးများသည် ရခိုင်မောက်လူမျိုးများနှင့် နှစ်ပေါင်းများစွာ အတူတကွနေထိုင်လာခဲ့သော်လည်း၊ ၎င်းတို့၏ ဓလေ့ထုံးစံမှာ အတိအလင်းသီးခြားရပ်တည်လျက် ရှိပေသည်၊ ၎င်းလူမျိုးနှစ်မျိုးကြားတွင် အတူတကွ ရောနှောစားသောက်ခြင်း၊

လက်ထပ်မင်္ဂလာဆောင်နှင်းခြင်းမကြာခဏမရှိခဲ့ပေ။ နေထိုင်ရာတွင်လည်း မွတ်စလင်ပိန္နာဟုခွဲ၍သီးခြားနေပေသည်။

ရိုဟင်ဂျာအမျိုးသား အမျိုးသမီးများသည် မိမိတို့ဘာသာကို နှိမ့်သွတ်၍ အစ္စလာမ်ဘာသာကို သက်ဝင်ယုံကြည်ခြင်းမရှိသော ဘာသာခြားအမျိုးသား အမျိုးသမီးနှင့်လက်ထပ်ခြင်းကို အလွန်ရွံ မုန်းကြသည်။ အကယ်၍ထုမိချွင် ၎င်းတို့၏နိုးမိန်းမ (၀ါ) လင်ယောက်ျားများသည် အစ္စလာမ်ဘာသာကို မကိုးကွယ်ကြသည့် ကာလပတ်လုံး ရိုဟင်ဂျာဆက်ဆံရေးလောကမှထုတ်ပယ်ခြင်းခံရ၏။ ထို့ကြောင့် မိဘဆွေမျိုးများသည် မိမိတို့သားသမီးများကိုကောင်းမွန် စွာစောင့်ရှောက်အုပ်ထိန်း၍ သင့်တော်လျောက်ပတ်သောရိုဟင်ဂျာ အမျိုးသား အမျိုးသမီးများနှင့် ပေးစား၏။ ယောက်ျားမိန်းမချစ် ကြိုက်၍ မိမိတို့သဘောအတိုင်းအိမ်မှဒိုးပြေးခဲ့သော် ၎င်းတို့ကိုရွာသူ ရွာသားများက အလွန်ရှုတ်ချကြသည်။

ထို့ကြောင့်နှစ်ဦးနှစ်ဘက် မိဘဆွေမျိုးများစေ့စပ်ကြ၏။ သတို့သားနှင့်သတို့သမီးတို့မှာ မင်္ဂလာမဆောင်မီ တဦးနှင့်တဦးတွေ့ ခွင့်လုံးဝမရှိချေ။ စေ့စပ်မီမျိုးရိုးကိုစမ်းဆေးတတ်လေ့ရှိကြ၏။ တဘက်နှင့်တဘက် သဘောချင်းမတိုက်ဆိုင်လျှင် စေ့စပ်ကြောင်း လမ်းခြင်းဖျက်ရသည်။ မင်္ဂလာပွဲကို ထက်နိုင်သလောက် ကြီးကျယ် ခမ်းနားသိုက်မြိုက်စွာ ကျင်းပတတ်ကြ၏။ သတို့သားသတို့သမီးများ အား မိမိတို့ဆွေမျိုးများက တအိမ်တနှစ်အနည်းဆုံး တလလောက် အိတ်ခေါ်ထမင်းကျွေးမွေးလေ့ရှိကြသည်။ ဤကဲ့သို့ ကျွေးမွေးခြင်း သည် ချစ်ခင်မှုကိုဖြလျက်ရှိပေသည်။

ရခိုင်မောက်တို့သည် ဝက်သားကိုအလွန် ကြိုက်နှစ်သက် ကြသည်။ ရိုဟင်ဂျာတို့သည် ဝက်သားကို ကြိုက်လည်းမကြိုက် စားလည်းမစားပေ၊ အစ္စလာမ်ဘာသာတရားအားဖြင့်လည်း စား

ပိုင်ခွင့်မပြုခဲ့ပေ။ ဆိတ်သား အမဲသားနှင့် ကြက်သားဖွားမှုံးစွ လာမ်စလေ့သုံးစံအဆိုင်၊ "ဟလားလ်"ခေါ် လည်ပိုးဖြတ်ထားကြသည့် အသေကိုမစားပေ။ သို့အပြင်အရက်သေစာလည်းမသောက်ပေ။

အဝတ်အစားမှာလည်း ရခိုင်မောက်တို့နှင့် ရိုဟင်ဂျာတို့သည် ခြားနားပေသည်။ ယခုအခါတွင် ရခိုင်မောက်တို့သည် ခေါင်းပေါင်း ပေါင်း၍၊ ရိုဟင်ဂျာတို့သည် ဦးထုပ်ဆောင်းတတ်ကြ၏။ ရှေးရှေးသောရိုဟင်ဂျာတို့သည် တခြားမှတ်စလင်မ်များ၊ ဘာသာခြားလူမျိုးနှင့် ခွဲခြားသွားသိရှိနိုင်အောင် အတောင် ၂၀–ရှည်၍၊ တတောင်အကျယ်ရှိသော ပိတ်ဖြူများနှင့်ခေါင်းပေါင်း (Turban) ပေါင်းလေ့ရှိခဲ့သည်။ သို့ရာတွင်အင်္ဂလိပ်နှင့် အိန္ဒိယယဉ်ကျေးမှုများ ရခိုင်ပြည်သို့ဝင်ရောက်လာသဖြင့် ရိုဟင်ဂျာအဝတ်အစားများမှာပြောင်းခဲ့လေ၏။

ရိုဟင်ဂျာအမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုမှာ ရခိုင်မောက်အမျိုးသမီးများအလေ့နှင့် ဆင်တူရှိမသား ခြားသော်လည်း ခေါင်းစည်း၊ အနံကျယ်သောပုဝါ၊ ခါးပတ်နှင့်ဝတ်ရုံများကို ဝတ်ဆင်တတ်ကြ၍ ၎င်းတို့မှာ ရခိုင်အမျိုးသမီးများဝတ်ဆင်သည်ထက် ရိုရိုလုံလောက်သောအသွင်ရှိပေသည်။

အချို့ရိုဟင်ဂျာများသည် ဆံပင်အရှည်ထား၍၊ လည်ဂုတ်ပေါ်သို့ချထားတတ်လေ့ရှိပေသည်။ ဤကဲ့သို့ဆံပင်ရှည်ထားတတ်သူများမှာ ရိုဟင်ဂျာမော်လဝီဆရာများတွင် အများအပြားတွေ့ရှိနိုင်ပေသည်။

ရိုဟင်ဂျာတို့သည် မွတ်စလင်မ်နာမည်များ ထားကြသည်။ ရခိုင်မောက်နာမည်များမထားခဲ့ပေ။ သို့ရာတွင် ယခုအခါအင်္ဂလိပ် မြန်မာစာသင်ကျောင်းများတွင် ပညာသင်ကြားနေသဖြင့် ဘာသာခြား(အထူးသဖြင့်ရခိုင်မောက်အမျိုးသား)ဆရာများက မွတ်စလင်မ်

နာမည်ကို ဗိဗိသသမဖော်နိုင်သောကြောင့် ရခိုင်မောတ် နာမည် များထားကြသည်ဘာသာခြား၊ဆရာများမရှိသောကျောင်းများတွင် မထားပေ ထားသော်လည်း မွတ်စလင်မ် နာမည်နှင့်တွဲထားသည် ဥပမာ စွာလေထွန်းစိန် အယ်မင်မောင်မောင်စသည်တို့ဖြစ်ကြသည် ၍ကဲ့သို့တွဲထားခြင်းသည်လည်း မသင့်လျော်ပေ၊ ရှေးရှေးသော ရခိုင်ဘုရင်များသည် မွတ်စလင်မ်အဲ့နာမည်များထားခြင်းကို ထ ကြောင်း၊ပြ၍၊ ရိုဟင်ဂျာလူမျိုးများသည် ဂုဏ်ယူဘွယ်ကောင်းပေ သည်၊

ရိုဟင်ဂျာလူမျိုးများ၏ စိတ်နေသဘောထားမှာ အလွန် ကောင်းသည်၊ ရိုးသားဖြောင့်မတ်၏၊ သူတပါးအားမတရားနှိပ်စက် ကလူမပြုတတ်ပေ၊ သူတပါးက မတရားနှိပ်စက်ညှင်းပန်းလာလျှင် မခံကြပေ၊ အမျိုးကိုအသက်စွန့်၍ စောင့်ရှောက်တတ်သည်၊ သူရ သတ္တိနှင့်သစ္စာရှိသော လူမျိုးလည်းဖြစ်ပေသည်၊ လိမ္မာပါးနပ်သော လူမျိုးလည်းဖြစ်ပေသည်၊

ရိုဟင်ဂျာလူမျိုးများသည် ဒုတိယကမ္ဘာစစ်တွင် မြန်မာပြည် လွတ်လပ်ရေးအတွက် သူတို့အသက်စည်းစိမ်တို့စွန့်လွှတ်၍ရန်သူများ အား ရွပ်ရွပ်ချွံချွံ ထွေးထွေးနှင့် တိုက်ခိုက်ကြလေသည်၊ ဂျပန်များ သည်ရက်အနည်းငယ်အတွင်း ရခိုင်ပြည်တောင်ပိုင်းကို သိမ်းပိုက်ခဲ့ သော်လည်း မြောက်ဘက်သို့ချီတက်လာသောအခါ၊ စည်းရုံးလျက် တင်အားကြီးမားသော ရိုဟင်ဂျာတို့၏ခုခံမှုကြောင့်၊ ဂျပန်တို့သည် ဆက်လက်မချီတက်နိုင်သည်သာမက၊ နောက်သို့ပင်ဆုတ်ခဲ့ရလေ၏၊ ဂျပန်တို့သည် ရခိုင်ပြည်မြောက်ပိုင်းကို သိမ်းပိုက်ရန် အကြိမ်ကြိမ်ကြိုး စားခဲ့သော်လည်း အရှုံးနှိုးဖြစ်ခဲ့လေသည်၊ ထို့ကြောင့်ရိုဟင်ဂျာများ သည် ဂျပန်ကိုအစဦးကပင် ခုခံတော်လှန်တိုက်ခိုက်လာခဲ့ကြောင်းတို့ သိသာနိုင်ပေသည်၊ ရိုဟင်ဂျာတို့၏သူရသတ္တိနှင့် စွန့်စားမှုများသည်

မြန်မာရာဇဝင်တွင် မှတ်တမ်းတင်၍ကျန်ရစ်ခဲ့ပေမည်။ သို့ရာတွင်အမြဲတန်းလျစ်လျူရှုခဲ့ခြင်းခံရသောလူမျိုးများဖြစ်သောကြောင့်၎င်းတို့၏သူရသတ္တိကို မှတ်တမ်းမတင်ခဲ့ပေ။ သူတို့သည်တရားဥပဒေကို လေးစား၍ ငြိမ်းချမ်းရေးကို မြတ်နိုးလိုလားကြသော လူမျိုးဖြစ်သည်။

ဤနိုထင်ကျာလူမျိုးများသည် အရှေ့ပါကစ္စတန်နိုင်လူမျိုးများနှင့်ရုပ်ဆင်အနည်းငယ်တူသော်လည်း၊ စာပေ၊အမည်ဘွဲ့နာမ၊အဝတ်အစားဆင်ယင်ဝတ်စားပုံ၊ ဘာသာစကားဓလေ့ထုံးစံ၊ ယဉ်ကျေးမှုစသည်တို့မှာ မိုးနှင့်မြေလောက် ကွာခြားလေသည်။ ထို့ကြောင့်ဤနိုတင်ကျာ လူမျိုးများကို စစ်တကောင်းနယ်သားဟု ခေါ်ဝေါ်နေခြင်းသည် အလွန်ဝမ်းနည်းဘွယ် ကောင်းပေသည်။

နိုထင်ကျာလူမျိုးများမှာ ဘာသာစကားနှင့်စာပေယဉ်ကျေးမှု သီးသခြား ရှိပေသည်။ ၎င်းတို့သည် အစ္စလာမ်ဘာသာဓလေ့ထုံးစံဖြာလွှမ်းမိုးမှုကြောင့် သီးခြားထိုးထက်လာခဲ့ပေသည်။ နိုတင်ကျာဘာသာစကားမှာ အာရဗီ၊ ပါရှီ၊ အူရဒူ၊ ဘင်္ဂါလီ နှင့် ရခိုင်မဟုတ်စကားများရောနှော၍ ဖြစ်ပေါ်လာသော ဘာသာစကားဖြစ်ပေသည်။ ဤကဲ့သို့ဖြစ်ပေါ်လာခြင်းမှာ သူတို့သည်နယ်စပ်တွင် နေထိုင်ကြသောလူမျိုးများဖြစ်သောကြောင့် ဖြစ်ပေသည်။ ပြည်ထောင်စု မြန်မာနိုင်ငံရှိ အခြားနယ်စပ်လူမျိုးများမှာလည်း ဤကဲ့သို့ဖြစ်သည်ကိုတွေ့ရှိရပေသည်။

နိုတင်ကျာစာပေသည် ယခုဖြစ်ပေါ်လာသောစာပေမဟုတ်ပေ။ ရှေးနှစ်ပေါင်းရာပေါင်းများစွာလောက်က မွတ်စလင်မ်စာရေးဆရာများနှင့် စာဆိုတော်များက ရေးသားစီကုံးခဲ့ခြင်းကြောင့်ဖြစ်ပေါ်လာသော စာပေဖြစ်ပေသည်။ ရှေးကျသောကဗျာလင်္ကာစာပေစာတစ်များကို အာရဗီနှင့်ပါရှီစာလုံးများဖြင့် ရေးသားခဲ့သည်ကို ရခိုင်ပြည်တွင် ယခုထက်တိုင်တွေ့ရှိရပေသည်။ စာရေးသူမှာလည်း

ထွက်ရှိပါသည်။ ထို့အပြင် အရစ်၊ ပါဠိစာလုံးများနှင့်တူနိုင်သော သော အင်္ဂါများနှင့် ဖျောက်စာများကိုလည်း တွေ့ရှိရပေသည်။

ဗြိတိသျှတော်ရသည့် ရှိုင်းပြည်တွင်ပါဠိစာကို နှစ်ပေါင်းအား ထောင်အထက် ရှုံးသုံးစာအဖြစ်အသုံးပြုခဲ့လေသည်။ ထိုနှင့်မိုဟင်ဂျာ များအပြင် ရှိုင်းဒေသတို့သည်း ပါဠိစာမတိုဘင်ကြားခဲ့၍၊ ပါဠိပညာထက်များ ဖြစ်လာကြ၏။ ဥပမာ – ဓမ္မဆဲသဆိုးဝ နှင့် ရှင်မဟာ ဦးထောင်ကြီးတို့ဖြစ်ကြပေသည်။ နောင်တွင်အင်္ဂလိပ်စာနှင့် ထုရူစာများကို အထူးထိုးခဲ့ကြသောကြောင့်၊ မိုဟင်ဂျာတို့၏အား ထောင်ဆယ်စာပေနှင့် ပါဠိစာပေတို့သည် ပျောက်ကွယ်ခြင်းလဲခဲ့လ သည်။ မိုဟင်ဂျာတို့သည်ထုရူစာကို ၁၉၄၇ ခုနှစ်တွင် မြန်မာပြည် ကို အင်္ဂလိပ်တို့ဖြန့်လည်သိမ်းပိုက်သည်အထိ ရေးသားသုံးစွဲခဲ့လ သည်။ ထုရူစာပေသည် ကျောက်ချာများတွင်အလွန်ကြွယ်ဝပေ သည်။

ငှက်တို့နိုင်ငံတို့၏ အမျိုးအရောင်အသွင်ဖြင့်သိသာ၍၊ ဘူမိ ရှုနိုင်သကဲ့သို့ လူမျိုးအမျိုးတို့လည်း၊ သူတို့၏အဝတ်အစား ဘာသာ စကား၊ နေလေ့ထုံးစံ၊ ယဉ်ကျေးမှုအားဖြင့် ခွဲခြားသိရှိနိုင်ပေ သည်။ ထို့ကြောင့်မိုဟင်ဂျာလူမျိုးများသည် ရှေးအစဉ်အလာရှိခဲ့ သော အဝတ်အစားစာပေယဉ်ကျေးမှုအသည့်ကိုတို့ ထာနဲ့ဖြင့်လည် ပေါ်ထွက်စွာ ကြီးအောင်ဆောင်ရွက်ရန် အမြဲကျရောက်နေလေပြီ။

မိုဟင်ဂျာတို့မှာ လှပသောလက်ရေးလက်ရာ၊ ပန်းချီအ ပညာ၊ ကုမိုသာထူးခြားများနှင့် ဗိသုကာအနုပညာများလည်းရှိ ကြသည်။

မိုဟင်ဂျာတို့၏ဗိသုကာအတတ်ပညာတွင် “ ဘာရာနေက ” ခေါ်သည့် အရပ်လက်ရာထက်များ အတော်ပေါ်ထွန်းခဲ့သည်ကို သိရှိ

လိုလျှင် ရခိုင်ပြည်ရှိ ပလိဝတ်ကျောင်းတော်များကို ကြည့်ရှုခြင်းအား
ဖြင့်သိရှိနိုင်ပေသည်။ ဝန်ဗိဝန်ပလိသည် မဟာကျော်သောကျောက်စာ
ဝင်းအကျင်း၊ အဓေထာက်ဟဥ်-ဆိုင်ရာရုပ်တည်မှု၊ လှယ်ကူးသောပုံ
နှင့်အသွင်သဏ္ဍာန်များကြောင့် ရိုဟင်ဂျာတို့၏ မရှုံးဘဲကျဆုံးသော
မိဿကအနုပညာလက်ရာတခုဖြစ်ပေသည်။

ရခိုင်ပြည်တွင် နှစ်ပေါင်း ၅၀၀-ကျော်ဝေလာက်က ရိုဟင်ဂျာ
လူမှုအနုပညာဖြင့် ဆောက်လုပ်ခဲ့သော အဆောက်အဦးတို့ဖြစ်ရ
လျှင်၊ ဝန်ဗိဝန်ပလိကြီးတို့သာလက်ကျန်ရှိ၍ မြင်နိုင်ပေသည်။ အနု
ပညာကိုမြတ်နိုးသူများနှင့် ရှေးဟောင်းသုတေသနဝေလ့လာရှာဖွေ
သူ ဗွတ်စလင်မ်များသွားရောက်ကြည့်ရှုသင့်လှပေသည်။ ဤကဲ့သို့
ရိုဟင်ဂျာယဉ်ကျေးမှုအဆောက်အဦးကြီးသည် ရာစုနှစ်ပေါင်းများ
စွာတိုင် တည်တန့်ခိုင်မြဲနိုင်ခဲ့သော် ဗိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်
ရန်မှာ ရိုဟင်ဂျာတို့၏တာဝန်ပင်ဖြစ်ပေသည်။

ဤပလိကြီးကို ဝတ်တည်ဆောင်ဆောက်လုပ်ခဲ့သော ရှေး
ပဝေသဏီ မိဿကအနုပညာရှင် ကြီးငယ်များအားချီကျူး
ထိုက်သည့်အပြင်၊ ယခုအခါ ရိုဟင်ဂျာများလည်း ဂုဏ်ယူဖွယ်
ကောင်းသောအဆောက်အဦးတခုဖြစ်ပေသည်။

ရိုဟင်ဂျာလူမျိုးများ၏ ဝေလ့ထုံးစံဓလေ့ယဉ်ကျေးမှုသည်
ဗိုသည် မြည်တောင်ပမြန်မာနိုင်ငံတိုင်းရင်းသား လူမျိုးစုများ၏
ဓလေ့ထုံးစံ ဝေလယဉ်ကျေးမှုအဆည်တို့ထက် မညံ့ချင်းသော်လည်း၊
အငြိုအဖြင့် အထက်အကပ်စုချစ်ချယ်မှုတို့သာ ခံရပေသည်။ ထူး
အဖြင့် လူဝင်မှုကြီးကြပ်ရေး၌မှ မကြာခဏအမင်းဆီးဖျက်ဝနှာင်ခဲ့
ပေသည်။ ၁၉၅၉-ခုနှစ် ဌန်လဆလာထိတွင် စစ်တွေနှင့်မေထုဝနိုင်
များမှနိုင်ငံခြားသားတဝသတ်ဖြင့် လူပေါင်း ၇၈-ဦးအား ဆင်းဆီး
ခဲ့သည်။ ထိုသူတို့အားဖျက်ပုံစံရိုင်တွင်နေထိုင်ရာဖြေတားပေးရန် ရန်ကုန်မြို့

သို့ ဖော်ဆောင်လာခဲ့သည်၊ ထိုရာတွင်ရန်ကုန်မြို့ရှိရင်းတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဝန်ကြီးဌာနမှ အတွင်းဝန် ဦးတင်အောင်ထံရ ရန်ကုန်ဗဟိုထောင်တွင် ဆက်လက်ချုပ်နှောင် ထားခဲ့သည်၊ ရင်းတို့အားလုံးသည် မြန်မာနိုင်ငံတိုင်းရင်းသားများ ဖြစ်ကြောင်း တရားလွှတ်တော်ချုပ်သို့ စီရင်ခံခဲ့ရာ၊ တရားလွှတ် တော်ဝန်ကြီးများက ထိုသူတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်မှု အက်ဥပဒေပုဒ်မ ၄(၂)အရ၊ မြန်မာနိုင်ငံသားများဖြစ်သဖြင့် ၁၉၆၀–ခုနှစ် ဇန်နဝါရီလ ၈–ရက်နေ့တွင် လွှတ်လိုက်ခဲ့သည်ဖြင်၊ မြန်မာပြည်အနှံ့အပြားတွင် ချုပ်နှောင်ထားသော ဤလူမျိုးများကို လွှတ်ပေးရန် လူဝင်မှုကြီးကြပ်ရေးနှင့် ထရားရုံးများသို့ ညွှန်ကြားခဲ့ သည်ဟုကြားသိရသည်၊ ထိုရာတွင်ယခုထိ မိုဟင်ဂျာများကိုမကြာ ခဏ ဖမ်းဆီးချုပ်နှောင်သည်မှာ ဝမ်းနည်းဘွယ်ကောင်းပါသည်၊ တမင်သက်သက်နှိပ်စက်သည်ဟု ယူဆရသည်၊ မိုဟင်ဂျာများသည် ရခိုင်ပြည်တွင် ၇–ရာစုမှစ၍ အခြေစိုက်နေထိုင်လာခဲ့ကြောင်းကို အထက်တွင်ဖော်ပြခဲ့လေပြီ၊ ဤလူမျိုးများသည် ပြည်ထောင်စုမြန်မာ နိုင်ငံသားဖြစ်မှု အက်ဥပဒေပုဒ်မ ၄(၂)အရ၊ မြန်မာနိုင်ငံသားများ ဖြစ်သည့်ပြင်၊ ၎င်းအက်ဥပဒေပုဒ်မ ၃(၁)အရ၊ မြန်မာနိုင်ငံတိုင်း ရင်းသားများဖြစ်သည်ကိုလည်း၊ သိရှိနိုင်သည်၊ ၎င်းပုဒ်မ ၃(၁)၏ ဆိုလိုရင်းအဓိပ္ပါယ်မှာ– "မြန်မာနိုင်ငံသို့ဝ်းရင်းသားများမှာ ကချင်၊ ကရင်၊ ကယား၊ ချင်း၊ မြန်မာ၊ မွန်၊ ရခိုင်မောက်၊ ရှမ်းလူမျိုးများအ ပြင်၊ ၁၈၂၃–ခုနှစ် (မြန်မာသက္ကရာဇ် ၁၁၈၅–ခုနှစ်)မတိုင်မီကာ လမှစ၍ ပြည်ထောင်စုတွင်ပါဝင်သော နယ်မြေတခုခု၌ မိမိတို့၏ပင် ရင်းတိုင်းပြည်အဖြစ်ဖြင့် အခြေစိုက်နေထိုင်ခဲ့သော မျိုးနွယ်စုများ လည်းဖြစ်သည်" ဟူ၍ဖြစ်ပေသည်၊

စနိုးခန့်ပဲလိ်နှင့် ၁၇–၁၈–၁၉ ရာစုများတွင်ဆောက်လုပ် ခဲ့သော အခြားပထိ များနှင့်မြို့ဟောင်းမြို့တွင်ယခုထိ တွေ့ရှိရသော

အရစ်ပါရစ်ဝေလုံးများနှင့် ရေးသားထုနှိပ်ထားသည့် ကျောက်စာတိုင်များနှင့် ငွေဒင်္ဂါးများကိုတွေ့ရှိခြင်းအားဖြင့်၊ ရခိုင်မောက်နှင့် မိုဟင်ဂျာတို့သည် ယခုမှပေါင်းဖော်ကြသော မိတ်ဆက်ဟာများ မဟုတ်ကြဘဲ၊ နှစ်ပေါင်း ရာပေါင်းများစွာအလျင် ရှေးရှိုးမင်းထ ဆက်ဆက်ထိုလက်ထက်ကပင်စ၍၊ ညီရင်းအစ်ကို မောင်ရင်းနှမလို ပေါင်းဖော်လာခဲ့ကြသော တိုင်းရင်းသားများဖြစ်ကြောင်း လယ်ပြင်မှာ ဆင်သွားသကဲ့သို့ထင်ရှားနေပေသည်၊

အင်္ဂလိပ်နယ်ချဲ့အလိုတော်ရိသစ္စာဖောက် မသမာလူတစု၏ ဝေသောဂနိုင်းတိုက်ရှမကြောင့်၊ ရခိုင်တိုင်းရင်းသားအချင်းချင်း၊ ထ ထင်လွဲမှားကာ၊ ၁၉၃၄–ခုနှစ်နှင့် ၁၉၄၂-ခုနှစ်တွင် ဖြစ်ပွါးခဲ့သော ရခိုင်မောထ်နှင့် မိုဟင်ဂျာအဓိကရုဏ်းဖြစ်ကြောင့်၊ ထောင်ပေါင်း များစွာသော မိုဟင်ဂျာလူမျိုးများ သေကြေပျက်စီးခဲ့ကြပေသည်၊ ၁၉၄၂–ခုနှစ် အဓိကရုဏ်းတွင်မသေဘဲကျန်ရစ်ခဲ့သော မိုဟင်ဂျာ များသည် ကျောက်တော်၊ မြို့ထောင်။ မင်းပြား၊ ပေါက်တော၊ ရမ်းဗြဲကျွန်းနှင့် မြေပုံမြို့နယ်များမှ သောင်းသိန်းမကသော မိုဟင်ဂျာများသည် မေယုခရိုင်တွင် ခိုလှုံနေထိုင်လာကြသောကြောင့်၊ မေယုခရိုင်တွင်မိုဟင်ဂျာ လူဦးရေများပြားနေသည်ကို ရခိုင်မောက် လူမျိုးများက သိရှိသော်လည်း၊ ၎င်းလူမျိုးများသည် အရှေ့ပါကစ္စတန်မှ မတရားခိုးဝင်လာသောလူမျိုးများဖြစ်ကြောင်း ရခိုင်မောက်တို့ထမှတ်မှန်ဝါဒဖြန့်နေပေသည်၊ အမှန်မှာ အထက်တွင် ဖော်ပြခဲ့သော မြို့နယ်များမှမိုဟင်ဂျာများ လာရောက်ခိုလှုံနေခြင်း ကြောင့်မိုဟင်ဂျာလူဦးရေ တိုးတက်နေခြင်းဖြစ်ပေသည်၊

ထိုအဓိကရုဏ်းဖြစ်ကြောင့် အဘိုးမဖြတ်နိုင်သော တိုင်းရင်း သားများ၏စည်းညီညွတ်ရေးဗညှိုင်းသည်ပြိုလဲခဲ့ရသည်၊ ရခိုင်ပြည် သည် အစစအရာရာမှာတိုးတက်လာအောင် လုပ်ဆောင်ရမည့်မှာ

ရခိုင်တိုင်းရင်းသားအားလုံး၏ ထာဝစဉ်ဖြစ်သည့် အားလျော်စွာ ရွှေပဒေသာကြီးကဲ့သို့ ဆထက်ထမ်မြိုးတိုးကာ၊ ချမ်းချမ်းကြင်နာရင်း နှီးနွှာနေထိုင်ကြရန် အချိန်ကျရောက်လာသော်လည်း၊ မိုဟင်ဂျာလူမျိုးများက ရခိုင်မောက်လူမျိုးများနှင့် ပြန်လည်ညီညွတ်ရန် အကြံကြံကြိုးစားခဲ့ရာ မိုဟင်ဂျာများအပေါ် ရခိုင်မောက်တို့၏စိတ်နေသဘောထား ယခုထိပင်ပြောင်းလဲသဖြင့် အကျိုးနှီးဖြစ်ခဲ့သည်။

ဤနေရာတွင်မိုဟင်ဂျာလူမျိုးများအကြောင်း ထတျဉ်းချုပ်ကို နိဂုံးချုပ်ပါသည်၊ ကမန်လူမျိုးများဖြစ်ပေါ်လာကြောင်းကို ဆက်လက်၍ သတ်မှတ်ရန်မဖြစ်ရစ်ခံအပ်ပါသည်။

# ကမန်လူမျိုးများ

ရခိုင်ပြည်တွင်အရှေ့နှင့် ပထမ်များအပြင် အိန္ဒိယနိုင်ငံမှ "ရှားရှူဂျာ" မင်းသား၏ နောက်လိုက်အဖြစ်အရ မုဂိုလ်လူမျိုး "ကမန်လေးသည်တော်"များလည်း လာရောက်ကြသည်၊ ထိုကမန် လေးသည်တော်များ၏ အဆက်အနွယ်များသည် "ကမန်" လူမျိုး များဖြစ်ကြသည်။

ရှားရှူဂျာသည် အိန္ဒိယနိုင်ငံမုဂိုလ်ဧကရာဇ်ဘုရင် ရှားဂျဟန် ခင်ဖြတ်နှင့် မုမ်တာဇ်မဟာလ်တော် ထက်အဘိသိမ်ဒုရားတို့၏သားတော် သမီးတော် ခြောက်ပါးအနက် ဒုတိယမြောက် သားတော်ဖြစ်လေ သည်၊ ရှူဂျာသည်သက္ကရာဇ် ၁၆၅၈–၁၆၅၉ခုနှစ်တွင် ဘင်္ဂလားနယ်ဘုရင် ခံဖြစ်လာ၏၊ ရှူဂျာမင်းသားသည် သိစ္စာပါးနပ်၍၊ ရဲရင့်သော စစ် သားတယောက်ဖြစ်သော်လည်း၊ အလွန်အပျော်အပါးလိုက်စားခြင်း ကြောင့် / ဒေဝစကားရာမှာ ညှိုးငယ်ခဲ့လေသည်၊ ဒတိယအနယ်စား ညီတော် "ဩရန်ဂဇေဗ်" သည်လုံ့လဝိရိယ၊ လေးနက်သောအမြော် အမြင်နှင့်ပြည့်စုံသည့်အပြင်၊ စစ်ရေးဝေးရာနှင့် တိုင်းပြည်အုပ်ချုပ်ရေး

မှာ လိုလေသေးမရှိသော အရည်အချင်းနှင့်လည်းပြည့်စုံခဲ့သူတဦး ဖြစ်သည်။

ကေရာဇ်ဘုရင် ရှားဂျဟန်မင်းမြတ်သည် သက္ကရာဇ် ၁၆၅၇ ခုနှစ် စက်တင်ဘာလတွင် အလွန်ဖျားနာနေစဉ်၊ သားတော်များ အချင်းချင်းထီးနန်းလုကြ၏၊ ထိုထီးနန်းလုပွဲကို အြဲရန်ဂ်ဇေဗ်သည် အောင်မြင်တော်မူ၍၊ အခမည်းတော်ကိုနန်းချလိုက်လေသည်။

ညီတော်အငယ်ဆုံး "မူရာဒ်"ကိုလည်း၊ အကျဉ်းထောင်တွင် ချုပ်နှောင်ထားခဲ့ပြီးနောက်၊ မိမိကိုယ်တိုင်ဧကရာဇ်ဘုရင်အဖြစ် နန်းတက်လေ၏။

ညီတော်ဘင်္ဂလားနယ်ဘုရင်ခံ ရှားရှုဂျာသည် အြဲရန်ဂ်ဇေဗ်ကို အိန္ဒိယနိုင်ငံကေရာဇ်ဘုရင်အဖြစ် အသိအမှတ်မပြုခဲ့သည့်ပြင်း အစေခံအရံနောက်လိုက် ဗိုလ်ပါဆင်လုံးမြင်းရံများနှင့် အြဲရန်ဂ်ဇေဗ်ကိုနန်းချရန်စစ်ချီလာရာ၊ လမ်းတွင်အြဲရန်ဂ်ဇေဗ်၏ စစ်သေနာပတိ "မိရ်ဂျုမ်လာ"က သက္ကရာဇ် ၁၆၅၈-ခုနှစ်-ဇန်နဝါရီလ ၅-ရက်နေ့၌ "ဗေလာထာဇ်ဗ်ရှီ"အနောက်ဘက် "ကဂျူဝါ" အရပ်၌ ရှုဂျာကို အောင်မြင်ခဲ့လေသည်။

ထိုနောက်အြဲရန်ဂ်ဇေဗ်က ဝန်ကြီးနယ်စားအဖြစ် ပြန်လည်ခန့်ထားမည်ဟု ကတိပြုထားသော နောင်တော်ကြီး "ဒါရာရှီကိုး"ကို သစ္စာဖေါက်၍ အချုပ်ထောင်သွင်းပြီးနောက်၊ ၎င်းနှစ် ဇူလိုင်လ ၂၀-ရက်နေ့တွင် အဘိသိက်ခံယူတော်မူလေသည်။

သက္ကရာဇ် ၁၆၆၀-ခုနှစ်တွင် မိရ်ဂျုမ်လာသည် ဘင်္ဂလားနယ်ကို ပြန်လည်တိုက်ခိုက်လာရာ ရှုဂျာသည် ဗုဒ္ဓါမိန့်အကူအညီ မရ၍ပြန်လည်မခုခံနိုင်သဖြင့် မယ်မှာတော်သားတော်ငွေကျောက် ထံပတ္တမြားဥစ္စာပစ္စည်းများ မယ်မင်းမိသံ အစေခံအရံနောက်လိုက်

ပိုလ်ပေါ် ကမန်လေးသည့်တော်သုံးထောင်နှင့် ရခိုင်ပြည်မြို့ဟောင်းမြို့သို့ ထွက်ပြေးခိုအောင်းလာလေသည်။ မြောက်ဦးမြို့ (မြို့ဟောင်းမြို့) သို့ မရောက်ခင်ရခိုင်ပြည်အနောက်မြောက်ဘက် မောင်းတောနယ်မှ ရွာတရွာသို့ရောက်လာရာ၊ ရက်အနည်းငယ်အနားယူသောကြောင့် ထိုရွာကို ယခုအထိ"ရှဂျာပါရာ"ဟု၍ခေါ်ဝေါ်ကြသည်။

ရှဂျာ၏ရည်ရွယ်ချက်မှာ မက္ကာမြို့တော်သို့ထွက်ပြေး၍၊ ထိုမြို့တော်တွင်ပင် အနိစ္စရောက်လိုခြင်းဖြစ်ပေသည်။ ရှဂျာသည်ရခိုင်ပြည်မြောက်ဦးမြို့သို့ ရောက်လာသောအခါ၊ ရခိုင်ဘုရင်စန္ဒသုဓမ္မမင်း (၁၆၅၁–၁၆၈၄)က နန်းတော်နှင့်မနီးမဝေး ဝသီချောင်း၏ လက်ျာဘက်ရှိ အဝုတောင် (မင်းသားတောင်)ခြေရင်းတွင် ထိန်တာအိမ်ပေးကာ၊ အစုစာရာရာမှာလိုလေသေးမရှိအောင် စောင့်ရှောက်လျက်၊ မက္ကာမြို့တော်သို့ သွားရန်သင်္ဘောတစင်းလည်းပေးမည်ဟု ဂတိပြုလေသည်။

ထိုစဉ်တွင်ရခိုင်ဘုရင်သည် ရှဂျာ၏သမီးအလှနှင့်မျှောမောလှပသည့် "အမိနာ"နှင့် ရွှေငွေရတနာပစ္စည်းများအကြောင်းကို သိရှိသောအခါ ဂတိဖျက်ရန်ကြံစည်ခဲ့လေသည်။ ရှဂျာယူဆောင်လာသော ရတနာပစ္စည်းများကိုရခိုင်ဘုရင်များက ရခိုင်ပြည်တွင်မည်သည့်အခါမျှမမြင်ခဲ့ပေ၊ ထိုရတနာပစ္စည်းများကြောင့် စန္ဒသုဓမ္မမင်းသည် လောဘလွှမ်းမိုးခဲ့သည်။ ာနေဝင်တမိုးသောက် ထနေကျန်မျှောက်တရက်ရောက်နှင့်ပင် ရှဂျာသည်ရခိုင်ပြည်သို့ရောက်လာသည့်မှာလပေါင်း၊အတော်ကြာခဲ့လေပြီ၊ စန္ဒသုဓမ္မမင်းမှာ ၎င်း၊ဂတိပြုထားသော သင်္ဘောအတွက် အာမှုမပြောဘဲနေခဲ့လေသည်၊ ထိုကြောင့် ရှဂျာသည်ရခိုင်ဘုရင်ထံ ၎င်းသင်္ဘောကိုအကြိမ်ကြိမ် လှသွတ်တောင်းခဲ့သည်၊ စန္ဒသုဓမ္မမင်းကပြင်း၊ဆိုသည့်မြင်း၊ ရှဂျာကိုယ်တိုင်လာ၍ မတောင်းဆိုခြင်းကိုအပြစ်တင်လေသည်။

ရှဂျာသည်နန်းတော်သို့ဝင်လျှင် ဆက်သခံရမည့် ရွှေငွေရတနာပစ္စည်းများကို အလုအယက်ခံရမည်ကိုကြောက်သဖြင့်၊ အသက် ၁၆–နှစ်မျှသာရှိသေးသော အကြီးဆုံးသားတော် "မှတ္တဘိက်"

တန်သော ဇရိကိတ်များကိုလက်ဆောင်အဖြစ်ပေးအပ်၍၊ သူ့တပြင်ကိုခွင့်လွှတ်တောင်းပန်ရန်စေလွှတ်သော်လည်း၊ အနှိုးနှိုးသာဖြစ်ခဲ့လေသည်။ ရခိုင်ဘုရင်မှာ ရှုဂျာ၏ ပစ္စည်းများကိုသိမ်းပိုက်လိုသောစိတ်ဖြစ်ပေါ်လာ၏၊ သို့သော်သူထားပါ။ပစ္စည်းများကို မတရားသိမ်းပိုက်ယူရန်မသင့်လျော်ချေ။

ထို့ကြောင့် တပုံတခုသောနည်းနှင့် သိမ်းပိုက်ရန်ကြံစည်ခဲ့သည်။ ထိုအကြံအစည်မှာ ရှုဂျာ၏သမီးအကြီးဆုံး အမိနာကိုမင်္ဂလာဆောင်ရန်ဖြစ်ပေသည်။ ထိုသို့ရခိုင်ဘုရင်က အမိနာကိုတောင်းဆိုသော်လည်း၊ ရှုဂျာသည်မဂိုလ်မင်းမျိုးမင်းနွယ်ဖြစ်သည့်အပြင်၊ မွတ်စလင်မ်အမျိုးသမီးတဦးသည် ဘာသာခြားများနှင့်လက်မထပ်နိုင်သည့်အားလျော်စွာ ငြင်းဆိုခဲ့သဖြင့်၊ စန္ဒသုဓမ္မမင်းကရှုဂျာအား ရခိုင်နိုင်ငံမှသုံးရက်အတွင်းထွက်သွားရန် အမိန့်ပေးလေတော့သည်။

ရှုဂျာမင်းသားသည် ဩရင်ဇိဗ်၏ တကျွန်းသားတဦးလည်းဖြစ် မက္ကာသို့သွားရန် သင်္ဘောတစ်စီးလည်းမရှိသောကြောင့်မြို့တောင်းမြို့ရှိ မွတ်စလင်မ်များကို သူပုန်ထကြွရန်လှုံ့ဆော်ခဲ့လေသည်။ ရှုဂျာ၏နောက်လိုက်များနှင့် မွတ်စလင်များပေါင်း၍၊ နန်းတော်ကိုမီးရှို့ခဲ့သည်။ နန်းတော်ကိုမီးရှို့ခဲ့သောလူများကို ရခိုင်စစ်သည်တော်များက လိုက်လံဖမ်းဆီး၍၊ သတ်ဖြတ်ကြလေသည်။ ရှုဂျာကိုလည်းဖမ်းဆီးပြီး ချောင်ပိတ်သွင်းလေ၏။ ရွှေငွေရတနာပစ္စည်းများကို သိမ်းပိုက်၍သားမယားများကိုလည်း၊ နန်းတော်တွင်အချောင်တရှောက်နှင့်ထားလေသည်။

ထိုအခါဝယ်အချို့မှုံးမတ်တို့တမပထန်စစ်သားနှစ်သောင်းကိုဦးစီးခေါင်းဆောင်သော စစ်သူကြီးဝလိခန်သည် သက္ကရာဇ် ၁၄၂၉ခုနှစ်တွင် နရမိတ်လှခေါ်မင်းခေါင်ဖွန်အား မန်းချသကဲ့သို့ ရှုဂျာ၏နောက်လိုက်များနှင့် မွတ်စလင်မ်များပေါင်း၍ ရခိုင်ပြည်သိန်းကိုလုယူလိုမည်ဟု ဆံတော်ဦးတင်သည်ကို ရှုဂျာကြားသိလေသော်၊မိမိအသက်ကို ရန်ရှာတော့မည် ရခိုင်ဘုရင်၏ဘေးမှလွတ်ကင်းရန်

နှင့် ထီးနန်းကိုလုယူရန်အတွက် သက္ကရာဇ် ၁၆၆၁–ခုဖေဖော်ဝါရီလ ၇–ရက်နေ့တွင် အနောင်အဖွဲ့မှထွက်ပြေး၍ နောက်လိုက်အချို့နှင့် တောခိုလေသည်၊ သို့ရာတွင်ရခိုင်မောဂ်များက လိုက်လံဖမ်းဆီးပြီး ရှုဂျာ၏မိသားစုကိုယ်ကို အပိုင်းပိုင်းလှီး၍ ခုတ်သတ်ခဲ့လေသည်၊

သားမယားများကိုလည်း နှောင်ထိပ်သွင်းလေ၏၊ သို့သော် များမကြာမီ နန်းတော်တွင်ခစားစေခဲ့သည်၊ သက္ကရာဇ် ၁၆၆၃–ခု နှစ်တွင် မဟာမှုဒ်ဆိတ်က ကျန်ရှိသေးသော နောက်လိုက်များနှင့် မွတ်စလင်မ်များကို ထိတ်ဆိတ်စွာသွေးဆောင်၍ နန်းတော်ကိုမီးရှို့ ခဲ့လေသည်၊

ထိုနှစ်တွင်ပင်ရခိုင်ပြည်တွင် မြောက်မြားစွာသောမွတ်စလင်မ် များမှာ ရက်စက်စွာအသတ်ခံရကြသည်၊ ထိုနောက်ရှုဂျာ၏သား များကို ဓားတုံးတုံးနှင့်ကွပ်မျက်၍ ကြင်ယာဇနီးနှင့်သမီးများကို လည်း စန္ဒသုဓမ္မမင်း၏သားများအား အဆိပ်ခပ်၍သတ်သည်ဟု အကြောင်းပြကာ အစာရေစာမကျွေးဘဲသတ်ပစ်ခဲ့ကြသည်၊

ထိုအကြောင်းကို မဂိုလ်ဧကရာဇ်ဘုရင် အော်ရန်ဂဇေဗ် ကြားသိတော်မူလေ၏၊ စန္ဒသုဓမ္မမင်းသည် မဂိုလ်ဘုရင်ကရန်တုန့်မှ မည်ကိုသိရှိသဖြင့် "ဝိုင်းဂါ" နှင့် "ဓနုဖြူ" ကျွန်းရှိ "ပေါ်တူဂီ" ဖရင်ဂျီများအား ဘင်္ဂလားနယ်ကိုတိုက်ခိုက်ရန်အားပေးရာ ဖရင်ဂျီ တို့သည် ဒက္ကာမြို့သို့ရေကြောင်းခရီးဖြင့် ချီတက်စဉ် လမ်းတွင် ဘင်္ဂလားဘုရင်ခံ၏စစ်သင်္ဘောအစင်း၄၀ ကိုဖျက်ဆီးလိုက်လေသည်၊

ထိုကြောင့်အော်ရန်ဂဇေဗ်သည် ပေါ်တူဂီနှင့် ရခိုင်မောဂ် ပင်လယ်ဓားပြများကို ဖျက်ဆီးတိုက်ခိုက်ရန် မိန့်တော်မူလေ၏၊ ဘင်္ဂလားဘုရင်ခံ "ရှာအစ်တာခန်" သည် "ဒတ်ချ်" များနှင့်ပေါင်း ၍ သက္ကရာဇ် ၁၆၆၅–ခုနှစ်တွင် ဓနုဖြူကျွန်းရှိပေါ်တူဂီဆိပ်ကမ်းမြို့ များကို ဖျက်ဆီးခဲ့လေသည်၊ ထိုသတင်းများကို စန္ဒသုဓမ္မမင်းကြား သိလတ်သော် ထလွန်ကြောက်ရွံ့သည့်အပြင်၊ ပေါ်တူဂီများတို့သင်္ကာ မကင်းဖြစ်လေ၏၊ ထိုနည်းတူ ပေါ်တူဂီတို့သည်လည်း စန္ဒသုဓမ္မ မင်းက သူတို့၏သားမယားများကို သတ်ဖြတ်လိမ့်မည်ဟု မယုံသင်္ကာ

ပေါင်းလေသည်။

သက္ကရာဇ် ၁၆၆၆ ခုနှစ် ဖေဖေါ်ဝါရီလတွင် ရှာအစ်တာခန်၏စစ်သူကြီး "ဘူဇုဒ်ခန်"သည် စစ်သားပေါင်းမြောက်ထောင်ငါးရာနှင့် စစ်သင်္ဘော ၂၈၈—စင်းအားဖြင့် စစ်တကောင်းနယ်ကို သိမ်းပိုက်ပြီးနောက်၊ ၃၆—နာရီအတွင်း ရာမူးကိုပါသိမ်းပိုက်လေသည်။ ရခိုင်မောက်နှစ်ထောင်ကို ဘမ်းဆီး၍ ကျွန်အဖြစ်ရောင်းလေသည်။ ထွက်ပြေးတိမ်းရှောင်နေသော ရခိုင်မောက်စစ်သားများကို မွတ်စလင်မ်တို့က လိုက်လံရှာဖွေဘမ်းဆီးခဲ့ကြသည်။

ထို့အပြင် "ဘူဇုဒ်ခန်"သည် ရခိုင်တပြည်လုံးကိုသိမ်းပိုက်ခဲ့သည်ဟု ရာဇဝင်အဆိုရှိလေသည်။ သို့ရာတွင်ရခိုင်ပြည်ကို မအုပ်ချုပ်ခဲ့ပေ၊ အကြောင်းမှာကား မိုလ်ကရာဇ်ဘုရင်၏ ရည်ရွယ်ချက်မှာ ပေါ်တူဂီနှင့် ရခိုင်မောက် မင်လယ်ဝါးပြဲအသိုက်အဖွဲ့ များကို ဖျက်ဆီးရန်နှင့် ဘင်္ဂလားနယ်တခုလုံးကို သိမ်းပိုက်ရန်သာဖြစ်ပေသည်။ အကယ်၍ရခိုင်ပြည်ကို အုပ်ချုပ်လိုလျှင် အလွန်လွယ်ကူစွာအုပ်ချုပ်နိုင်ပေမည်၊ အဘယ်ကြောင့်ဆိုသော် စစ်ရေးစာရာတွင်အလွန်ကောင်းသော ပေါ်တူဂီလူမျိုးများနှင့် "ခတ်နို" လူမျိုးများက ဘင်္ဂလားဘုရင်ခံနှင့် ပေါင်းသောကြောင့်ဖြစ်ပေသည်။

ရှူဂျာမင်းသားသည် ရခိုင်ဘုရင်ထိုးနန်းကိုလုယူရန်လျှို့ဝှက်ကြံလုပ်ခဲ့သောအစီအစဉ်များကို ရခိုင်ဘုရင်ကမသိရှိခဲ့သော်၊ ရှူဂျာမင်းသားသည် ရခိုင်ပြည်ကိုအလွယ်တကူ သိမ်းပိုက်အုပ်ချုပ်နိုင်ရန် အကြောင်းများရှိခဲ့ပေသည်။ ထိုသို့သိမ်းပိုက်နိုင်ခဲ့သည်ရှိသော် ရခိုင်ရာဇဝင်တွင် ကဏ္ဍသစ်တခုပေါ်ပေါက်ခဲ့ပေမည်။

စစ်တကောင်းနှင့် ရာမူးတို့ကိုလက်လွှတ်၍ ရခိုင်မောက်တို့သည် အလွန်ကြောက်ကြသဖြင့်၊ ရခိုင်ပြည်မြောက်ဘက်မှ တောင်ဘက်သို့ ထွက်ပြေးကြလေသည်။ ထိုအခါဘင်္ဂလားနယ်မှ များစွာသောမွတ်စလင်မ်တို့သည် ရခိုင်ပြည်မြောက်ပိုင်းသို့ လာရောက်နေထိုင်ကြလေသည်။

ထိုအချိန်မှစ၍ရခိုင်ပြည်တွင် ဝါးပြဲမရှိသော်လည်း ဝါးပြဲ

၏ သဘောတရားကောင်းရှိသေးသည်ဟု ဟာဝေး၏မြန်မာရာဇဝင်တွင် ဖတ်ရှုရသည်၊ ရှုဂျာတို့ကွပ်မျက်ပြီးနောက်၊ ကျန်ရှိသေးသောသူ၏ နောက်လိုက်များကို မှတ်စလင်မ်နန်းရင်းဝန် "မာဂန်" ၏ ထောင်းဆိုချက်အရ တလလေးကျပ်နှုန်းနှင့် မှတ်စလင်မ်ပါးလွယ်ကိုင် မြင်းစီး၊ သူရဲကောင်းများကဲ့သို့ ဘုရင့်ကိုယ်ရံတော် ကမန်လေးသည်တော်များအဖြစ်ခန့်ထားလေသည်။

ရှုဂျာ၏ နောက်လိုက်အချို့သည်ရခိုင်ဘောက်ထိုး၏ညှင်းပန်းနှိပ်စက်မှုကိုမခံနိုင်သဖြင့် မြန်မာပြည်သို့ ခိုးဝင်လာကြလေသည် ထင်းဝဘုရင်ငယ်ထိုသူတို့ကိုမြန်မာပြည်၌ နေရာထည်းတွင်ထားသဲ ရမည်းသင်း၊ ရွှေဘို၊ မြေဒူး၊ မိတ္ထီလာ နယ်များသို့ ပို့ခဲ့လေသည် ၎င်းတို့၏ အဆက် အနွယ်များကို ထယက်ပါ ဒေသများတွင် ယနေ့ထိ တွေ့ရှိရသည် အကျယ်တိုသိလိုလျှင်ဦးမြ (ခ) ရေး ဗမာမွတ်စလင်မ် သမိုင်း အကျဉ်းချုပ်ကိုဖတ်ရှုနိုင်ပေသည်။

ရခိုင်ပြည်တွင် ကမန်လေးသည်တော်များသည် ၎င်းတို့ဦးဇေများဘောင် အိန္ဒိယ နိုင်ငံမှ ကမန်လေးသည်တော် အသစ်သွင်း၍ အင်အားတိုးလာသော အခါ ရခိုင် ဘုရင်များကိုနန်းတင်နန်းချကြလေသည် ကမန်တို့သည် သွားလေရာ နေရာတိုင်းတွင် လေးမြှားနှင့် မီးတုတ်များကိုင်ဆောင်၍သွားလေ့ရှိခဲ့ကြသည် ရခိုင်မောက် ရွာတချို့တွင် ကမန်တဦး တယောက်က ဒေါသထွက်ပါမူ ရခိုင်မောက်တို့သည် ရွာလုံးကျွတ် ထွက်ပြေးတိမ်းရှောင်လေ့ ရှိခဲ့ကြသည်။

ထို့ကြောင့် လူထဲမှာ ကမန် ငှက်ထဲမှာ ကျီးကန်း ဟူ၍ ဆိုရိုးစကားရှိသည် ကမန်တို့သည် ရခိုင်ပြည်တွင်နှစ်ပေါင်း ၂၀ ကျော် ရခိုင်ဘုရင်များကို နန်းတင်နန်းချသူများဖြစ်ခဲ့သည်အဖြစ် ထုယက်တိုက်ခိုက်ဖျက်ဆီးကြသူများလည်းဖြစ်ခဲ့ကြသည်။

သက္ကရာဇ် ၁၇၁၀–ခုနှစ်တွင်မထာဒနဲသိုသည် ရခိုင်မောက်များကို စုဆောင်း၍ ကမန်လေးသည်တော်များကို နှိမ်နင်းချေမှုန်းပြီး နောက်စနှ ဝိဇယ တူဆောဘွဲ့နှင့် နန်းတက်တော်မူလေ၏ ထ

မန်နေလေးသည့်အောင်များကို မင်းတွေ့ဖို့ ယာယာကုန်း၊ သင်္ဂနတ်၊ သက်ကယ်ငြိမ်း ရန်ကြီး မင်းတုံ ပြန်နယ်များသို့ ပို့ခဲ့လေသည် မှတ်ပုံတင်ပ
သန်) ဝါးလွှယ်ကိုင် ပြင်းပိုင်းသူရဲကောင်းများက ဝုန်ကန်မည်ပိုး
ရှိပြည့် အမှောက်ခမြားဂိအက်အစွန့်အဖွား(မောင်၊မောင် ဘုံး
သီးတောင် ရမသ တောင်)ကျောက်တော်၊ ခန်းမြား မြို့နယ်များသို့ ပို့ခဲ့လေသည်၊

ထိုကမန်လေးသည့်တို့၏ အဆက်အနွယ်များတို့ကမန် (ဝါ) ကမန်ချိုဟု၍ ခေါ်ဝေါ်ကြသည့် ကမန်သည့် ဝါရမိတ်တားဖြစ်၍လေး မြားဟု အမိဖွဲ့ယ်ရှိသည့် ကမန်များသည် ရခိုင်မောလ်တားမြြား ၍ ရခိုင်နာမည်များ ထားသော်လည်း တိုးကွယ်သော ဘာသာ ၇ ၁ နွလာမ်ဘာသာဖြစ်သည်၊

ကမန်များသည် နယ်နှင်ခြင်းခံရ၍ အလုပ်လက်ပဲ့ဖြစ်ကာ ဆမ္ဘရာဝမ်းထထွာကြောင့် ယောကျ်ား မိန်းမ များသည် တွေ့ရာအလုပ်ကိုလုပ်ကိုင်ကြရသည့် များသောအားဖြင့် မိန်းမများသည် ကုန်သည် ဈေးသည်များဖြစ်ကြသည် စစ်တွေ၊ ရမ်းဗြဲ၊ သံတွဲမြို့များတွင် ဟင်းသီး ထင်းရှုက် အထည်အလိပ်သည့် ကုန်ပစ္စည်းများ ရောင်းကြသည်ကို ယခုထိ တွေ့ရှိရသည် ယောကျ်ားများသည် မှင်းရိုင်း မိန်းမများသည့် မည်သည့်အလုပ်ကိုမဆို ကြိုးစား လုပ်ကိုင်ကြသည် ၇ ဦးရာတ်မန်က ရေးသားသည့် ကမန်များ၏ ယဉ်ကျေးမှုအ ၁ ထံထား ဝေလ ထုံးစံတိုသည့် ရခိုင်မောက် လူမျိုးများနှင့် တူသည့် သို့သော်ဘာသာရေးထထိန်းအမှတ်များကို တစ္စလာမ်ဘာ သာထုံးစံအတိုင်းသာ၍လုပ်ကျင်းပကြသည်၊

ရိုဟင်ဂျာနှင့် ကမန်တို့သည် ယိမ်းမြား၊ လက်ထပ်သော်လည်း ရင်းထို့မှ မွေးဖွါးသောသားသမီးများသည် ထမြားလူမျိုးမဖြစ်ချေ၊ အတိုသား၏ အနွယ်မျိုးနှင့်ထတူစေလျှင် ထိုလူမျိုးဖြစ်၍အတိုသမီး၏ မွေးမျိုးနှင့်အတူဝနေပါမူ ထိုအမျိုးဖြစ်ကြလေသည်၊ ဤကဲ့သို့သော သူများကို စစ်တွေခရိုင်တွင်အများအပြားတွေ့ရှိရသည်၊ မည်သည့် ကမန်ထဦးထမယောက်တိုမဆို အထယ်ဝကြောင့်သူတို့ကို ကမန်ဟု၍

ဝေါ်သနည်းဟုမေးပါမူ သူတို့၏ ဘေးဘိုးဘောင်ဘက်များသည် မဂိုလ်ဘုရင်များနှင့် ရခိုင်ဘုရင်များလက်အောက်တွင် ကမန်ဗလေး သည်တော်ဖြစ်ကြောင်းကို ရဝ္ဍဥ္ဒာငြေဆိုသည်ကိုတွေ့ရှိရလိမ့်မည်။

ကမန်များသည် ခေတ်ပညာတတ်နှင့် အစ္စလာမ်ဘာသာ ကိုးကွယ်သော လူမျိုးများဖြစ်ကြသော်လည်း အစ္စလာမ်ဘာသာ ရေးစိတ်ဓါတ်မှာ အလွန်ညံ့ဖျင်းကြသည်။ ထို့အပြင်ဗုဒ္ဓဘာသာရခိုင် မောက်လူမျိုးများနှင့် ရောနှောချစ်နေထိုင်သဖြင့် ဗုဒ္ဓဘာသာအယူဝါ ဒသည် သူတို့ကိုတဖြည်းဖြည်း ဆွဲဆောင်ခဲ့သည်။ ထို့ကြောင့် လေးထောင်၊ ငါး၊ ခြောက်ထောင်ရှိသော ကမန်များသည်ဗုဒ္ဓဘာသာ ကိုကိုးကွယ်ကြသည်ဟု ဦးရာဟ်မန်ရေး ဗမာ့မွတ်စလင်မ်သမိုင်း ဖတ်ရှုရ၍ အလွန်ဝမ်းနည်းဖွယ်ဖြစ်ပါသည်။ ရိုဟင်ဂျာနှင့်ကမန် ၏ အမှားပါတကား၊ နောင်၌ထိုသို့အမှားမျိုးမဖြစ်အောင် ထိန်း သိမ်းစောင့်ရှောက်ရမည်မှာ ရိုဟင်ဂျာနှင့်ကမန်လူမျိုးများ၏ တာ ဝန်သာဖြစ်ပေသည်။ ထိုသို့တာဝန်ကို မထမ်းဆောင်မရွက်ပါမူ မိမိတို့လူ မျိုးများသာ တိမ်ကောပပျောက်ပေမည်မှာ သေချာနေပေသည်။ -

ရိုဟင်ဂျာနှင့်ကမန်လူမျိုးများသည် အစဉ်ရှည်ကြာတည်တံ့ နေထိုင်ကြသည်။ ဝင့်ဝင့်ဝါဝါနေနိုင်ရန် အနန္တတန်ခိုးတော် ရှင်ဘုရားသခင်၊ အလ္လာဟ်အရှင်မြတ်ထံတော် ဆုတောင်း မြွက်ဆိုဝါဒတောင်းလျှက် နိဂုံးချုပ်လိုက်ပါသည်။ အာမိန်

UNITED ROHINGYA NATIONAL LEAGUE
MYITKYINA

(အေမ်၊ အေ၊ တာဟိရ်ဘာသာ)
၃၁-၁၂-၆၃

12
31 —
1962

ရိုဟင်ဂျာနှင့်ကမန်လူမျိုးများ

စာရေးသူ-အေအမ်၊အေ၊တာဟိရ်ဘသာ။

၃၁-၁၂-၁၉၆၃ ဤစာအုပ်သည်၁၉၆၃ခုနှစ်က

မြစ်ကြီးနားမြို့ရှိ

ရိုဟင်ဂျာအမျိုးသားညီညွတ်ရေးအဖွဲ့

မှဝေငှသည့်စာအုပ်ဖြစ်ပါသည်။

ယခု၂၀၁၃ခုနှစ်တွင်ဤစာအုပ်သက်တမ်းသည်

နှစ်(၅၀)ရှိပါပြီ။